# ရက်လည်ဆွမ်းအနုမောဒနာ
# တရားတော်

# ဤစာအုပ်ကလေး

ဤစာအုပ် ဖြစ်ပေါ်လာရခြင်း အကြောင်းရင်းမှာ ၁၃၂၂–ခု သီတင်းကျွတ်လဆန်း ၂–ရက်နေ့က ကွယ်လွန်ရှာသော ရန်ကုန်မြို့ကျောက်မြောင်း လုပ်ငန်းရှင်ဆော်လီ ကုမ္ပဏီ ဦးကြည် ဒေါ်ကြွေတို့၏ မိခင်ကြီး ဒေါ်သဲကို ရည်စူး၍ ၁၃၂၂–ခု သီတင်းကျွတ်လဆန်း ၈–ရက်နေ့၌ ရက်လည်ဆွမ်းသွတ်ရာတွင် ကျေးဇူးရှင် 'အဂ္ဂမဟာပဏ္ဍိတ' မဟာစည် ဆရာတော်ဘုရားကြီးက ရက်လည်ဆွမ်း အနုမောဒနာတရား ချီးမြှင့်တော်မူခဲ့သည်။

၎င်းတရားတော်ကို တိတ်ရီကော်ဒါဖြင့် အသံဖမ်းယူထားခဲ့သောကြောင့် ၎င်းအသံကို စာဖြင့်ကူးယူ၍ ဒေါ်သဲ ကွယ်လွန်သည့် ၂–နှစ်မြောက် အထိမ်းအမှတ် ရည်စူးအလှူပွဲတွင် ဦးကြည် ဒေါ်ကြွေတို့က ဓမ္မဒါနအဖြစ် ဝေငှရန် စီစဉ်ခဲ့ပါသည်။

သို့ပါသောကြောင့် ဤ "ရက်လည်ဆွမ်း အနုမောဒနာတရား" စာအုပ်ကလေးမှာ ကွယ်လွန်သူ ဒေါ်သဲအတွက် အထိမ်းအမှတ်တရပ်အနေအားဖြင့် စက်တင်ပုံနှိပ်ခြင်း ဖြစ်ပါသတည်း။

မင်္ဂလာအောင်မြင့်

(တာဝန်ယူ ဆောင်ရွက်ပေးသူ)

၅/၆၊ စိန်မေတ္တာလမ်း၊ ဟာမစ်တိတ်၊ ရန်ကုန်မြို့
၁၃၂၆–ခု သီတင်းကျွတ်လဆန်း ၈–ရက်

**၁၃၂၂–ခု သီတင်းကျွတ်လဆန်း ၈–ရက်နေ့တွင်**
**ကွယ်လွန်သူ ဒါယိကာမကြီး ဒေါ်သဲကို ရည်စူး၍**
**ရက်လည်ဆွမ်းကပ်ရာ၌**

# မဟာစည်ဆရာတော် ဟောကြားတော်မူသော

**ရက်လည်ဆွမ်း**

# အနုမောဒနာတရား

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ကွယ်လွန်သွားတဲ့ ဒကာမကြီး ဒေါ်သဲက အသက် ရှစ်ဆယ်နှင့် ငါးနှစ်လား၊ ခြောက်နှစ်လား။ (ရှစ်ဆယ့်ခြောက်နှစ်ပါဘုရား)။

၈၆–နှစ်ဆိုတော့ ယခုကာလ အသက်တမ်းက ကျော်တောင် ကျော်နေပါပြီ။

အပ္ပံ ဝတ ဇီဝိတံ ဣဒံ၊ ဩရံ ဝဿသတာပိ မီယတိ။
ယောစေပိ အတိစ္စ ဇီဝတိ၊ အထသော ဇရသာပိ မီယတိ။

ဣဒံ ဇီဝိတံ၊ ယခုကာလ၌ လူတို့၏ အသက်ရှင်ရခြင်းသည်။ အပ္ပံဝတ၊ နည်းလှ တိုတောင်းလှလေစွ တကား။

မြတ်စွာဘုရားလက်ထက်တော် အခါကာလတုန်းက လူတို့၏ အသက်တမ်းဟာ တရာတမ်း ရှိတယ်၊ အဲဒီတုန်းက အသက်တရာကျော်နေရတဲ့ ပုဂ္ဂိုလ်တွေလဲ ရှိတယ်၊ အသက်တရာ့နှစ်ဆယ်နေရတဲ့ ပုဂ္ဂိုလ်တွေ ကျမ်းဂန်များအရ တော်တော်များများ ထင်ရှားတွေ့ရတယ်၊ အသက်တရာတိုင်အောင် မနေရတဲ့ သူတွေလဲရှိတာဘဲ၊ သို့သော် အများစံချိန်အရ အသက်တမ်း အမှန်ကတော့ တရာတမ်းပေါ့၊ အဲဒီအသက်တရာတမ်းကို ရည်ပြီးတော့ အသက်တမ်းတိုတယ်လို့ မြတ်စွာဘုရားက ဟောကြားထားတဲ့ တရားတော်ဘဲ။

ဣဒံ ဇီဝိတံ၊ ယခုကာလ လူတို့၏ အသက်ရှင်ရခြင်းသည်။ အပ္ပံဝတ၊ နည်းလှတိုတောင်းလှ လေစွတကား။ ဩရံ ဝဿသ တာပိ၊ အနှစ်တရာအတွင်း ဤမှာဘက်၌ သော်လည်း။ ဝါ၊ အနှစ်တရာ မပြည့်သေးမိသော်လည်း။ မီယတိ၊ သေဆုံး ပျက်စီးရချေသေး၏။

အသက်တမ်းက တရာတမ်း ရှိပေမယ့်လို့ အသက်တရာပြည့်အောင်လဲ နေချင်မှနေရတယ်၊ အသက်တရာ မပြည့်မသေးမီ အတွင်းမှာလဲ သေဆုံးပျက်စီးသွားကြရတာတွေ ရှိတာဘဲတဲ့။

ယော စေပိ အတိစ္စ ဇီဝတိ၊ အထ သော ဇရသာပိ မီယတိ။

ယော၊ အကြင်ပုဂ္ဂိုလ်သည်။ ယော၊ ကံထူးချွန်၍ ထူးထူးခြားခြား အသက်ရှည်သော အကြင်တစုံတယောက်သော ပုဂ္ဂိုလ်သည်။ အတိစ္စ၊ အနှစ်တရာ အသက်တမ်းကို ကျော်လွန်၍။ စေပိဇီဝတိ၊ အကယ်၍ ထူးထူးခြားခြား အသက်ရှင်စေကာမူ –အချို့ပုဂ္ဂိုလ်တွေက အသက်ရှည်ကြောင်းဖြစ်တဲ့ ကုသိုလ်ကံတွေကို ရှေးရှေးဘဝက ဆည်းပူးခဲ့လို့ ကံကောင်းတဲ့အတွက် ပဋိသန္ဓေကတည်းက အသက်ရှည်ဘို့ရာ ထူးခြားတဲ့ ရုပ်တွေနှင့် ပြည့်စုံလာခဲ့တယ်၊ ဒါကြောင့် အသက်တရာတမ်းကို ကျော်လွန်ပြီး အသက်ရှည်နေတဲ့သူလဲ ရှိပါသေးတယ်တဲ့၊ တဦးတလေ အနည်းငယ်ပေါ့၊ အဲဒီလို အသက်တရာတမ်းကို ကျော်လွန်ပြီးတော့ အသက်ရှည်နေတဲ့ ပုဂ္ဂိုလ်လဲဘဲ မမြဲတမ်းတော့ တည်မနေရပါဘူးတဲ့။

အတိစ္စ၊ အသက်တရာတမ်းကို ကျော်လွန်၍။ စေပိ ဇီဝတိ၊ အကယ်၍ ထူးထူးခြားခြား အသက်ရှည်စေကာမူ။ အထ၊ ထိုသို့ အသက်တမ်းကို ကျော်လွန်နေသောအခါ။ ဇရသာပိ၊ အိုမင်းခြင်းကြောင့်လည်း။ သော၊ ထိုပုဂ္ဂိုလ်သည်။ မီယတိ၊ သေကြေပျက်စီးရချေ၏။

အသက်တရာတမ်းကို ကျော်လွန်ပြီး အသက်ရှည်နေပေမယ်လို့ ဇရာဆိုတဲ့ အိုမင်းခြင်း သဘောက နှိပ်စက်တဲ့ အတွက်လူ့ခန္ဓာကိုယ် အတ္တဘောကြီးဟာ အမြဲတော့ တည်တံ့ပြီးမနေနိုင်ဘူးတဲ့၊ နောက်ဆုံးကျတော့ အိုလို့လဲ သေရပြန်တာဘဲ တဲ့၊ အဲဒါဟာ လူတွေတွင်သာ မဟုတ်ဘူး၊ တလောကလုံး သူ့အသက်တမ်းနှင့်သူ ဒီလိုချည်းပါဘဲ။

ပိုးမွှားတိရစ္ဆာန်တွေထဲမှာဆိုယင် ရက်ပိုင်းလပိုင်းလောက် အသက်ရှည်တဲ့ သတ္တဝါကလေးတွေ၊ တနှစ် ၂-နှစ်လောက်သာ အသက်ရှည်တဲ့ သတ္တဝါကလေးတွေ စသည်ဖြင့် အမျိုးမျိုးရှိကြတယ်၊ ဒီသတ္တဝါကလေးတွေမှာ အသက်ရှည်ဘို့ရာ ရုပ်က ပဋိသန္ဓေကတည်းက ပြီးစီးလာခဲ့တယ်၊ ဒါကြောင့် သူတို့၏ အသက်တမ်း စေ့သွားတဲ့အခါမှာ သူတို့၏ ရုပ်တွေဟာ အိုမင်းပြီး ချုတ်ယွင်းကုန်တာဘဲ၊ ရက်ပိုင်းလောက်အသက်ရှည်မည့် သတ္တဝါတွေဟာ သူတို့၏ ရက်ပိုင်းစေ့တဲ့အခါ အိုမင်းချုတ်ယွင်းကုန်တယ်၊ လပိုင်းလောက်အသက်ရှည်မည့် သတ္တဝါတွေလဲ သူတို့၏ လပိုင်းစေ့တဲ့အခါ အိုမင်းချုတ်ယွင်းကုန်တယ်၊ တနှစ် ၂-နှစ်အသက်ရှည့်မည့် သတ္တဝါတွေလဲ တနှစ် ၂-နှစ် စေ့တဲ့အခါ အိုမင်းချုတ်ယွင်း ကုန်တာဘဲ။

ထို့အတူ လူတွေမှာလဲ အသက်တရာတမ်းမှာဆိုယင် အသက်ရှစ်ဆယ် ကိုးဆယ်လောက်ကစပြီး သိသိသာသာ အိုမင်းလာတယ်၊ အနှစ်တရာက ကျော်လာယင်တော့ ရုပ်တွေက သာပြီး အိုမင်းဆွေးမြည့်ကုန်တာပေါ့၊ ဒါကြောင့် အဲဒီလို အိုမင်းဆွေးမြည့်လို့လဲ သေကြေပျက်စီးရပြန်တယ်တဲ့၊ အနှစ်နှစ်ရာထိအောင်တော့ အသက်မရှည်နိုင်ဘူးလို့ ဆိုလိုပါတယ်။ မြတ်စွာဘုရား လက်ထက်တော်တုန်းက ထူးထူးခြားခြား အသက်ရှည်ကြတာတွေဟာ အနှစ်တရာ့နှစ်ဆယ် (၁၂၀) လဲ ရှိတယ်၊ အနှစ်တရာ့လေးဆယ် (၁၄၀) လဲရှိတယ်၊ အရှည်ဆုံးကတော့ အနှစ်တရာ့ခြောက်ဆယ် (၁၆၀) အထိ ထင်ရှားပါတယ်။ ဒါထက်ပိုပြီး အသက်ရှည်တာကတော့ ပိဋကကျမ်းဂန်များအရ မထင်ရှားတော့ဘူး၊ ဒါကြောင့် အနှစ်နှစ်ရာ (၂၀၀) ထိအောင်တော့ အသက်မရှည်နိုင်ဘူးလို့ မှတ်ရတယ်၊ အဲဒီလို အနှစ်တရာ တရာကျော်လောက်သာ အသက်ရှည်နိုင်တာကို ရည်ပြီးတော့ မြတ်စွာဘုရားက လူတို့၏ အသက်ဟာ အင်မတန်တိုတောင်းတယ်လို့ သတိသံဝေဂ ရကြဘို့ရာ ဟောကြားတော် မူပါတယ်။

## **အသက် ၇၅-နှစ်တမ်း**

အဲဒီအသက်တရာတမ်း ရှိတဲ့လူတွေဟာ အသက်တရာအနီးအပါး မရောက်သေးခင်ကတော့ အသက်ရှည်ပြီး နေဘို့ရာ တွေအများကြီးဘဲလို့ အောက်မေ့နေကြတယ်၊ အသက်တရာပြည့်သွားတဲ့အခါမှာ ပြန်ပြီးစဉ်းစားလိုက်ယင်တော့ အဲဒီ အနှစ်တရာကို ဘာမျှမကြာဘူး၊ တိုတိုကလေးဘဲလို့သာ ထင်ကြရတယ်၊ ယခုကာလမှာတော့ အသက်တရာတမ်းလဲ မရှိတော့ဘူး၊ အများပြောရိုးအတိုင်းဆိုယင် အသက်တမ်းက အနှစ်တရာ တရာမှာ တနှစ် တနှစ် လျော့လျော့သွားတယ်လို့ ဆိုကြတယ်၊ အဲဒီ အဆိုအရ တွက်ကြည့်မယ်ဆိုယင် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးတဲ့ နောက်မှာ နှစ်ပေါင်းက နှစ်ထောင့်ငါးရာ (၂၅၀၀) ရှိလာပြီ၊ ဒါကြောင့် ၂၅-နှစ်လောက်လျော့ရမှာပေါ့၊ အနှစ်တရာ (၁၀၀) ထဲက ၂၅-နှစလျော့လိုက်ယင် ၇၅-နှစ်သာကျန် တယ်။ ဒီတော့ ယခုလူတို့၏ အသက်တမ်းဟာ ၇၅-နှစ်လောက်သာ ရှိတယ်လို့ ဆိုရမှာပေါ့၊ ယခုလက်ရှိ အသက်တမ်းအရ ဆိုယင် အဲဒီတွက်နည်းဟာ ဟုတ်ပုံပေါ်နေတယ်၊ ယခုလူတွေ၏ အသက်တမ်းကို ၇၅-နှစ်တမ်းဆိုပေမယ့်လို့ ၇၅-နှစ်ထက် ပိုပြီးအသက်ရှည်တဲ့သူတွေလဲ နည်းနည်းပါးပါးတော့ ရှိနေသေးတာပါဘဲ၊ အဲဒီလို လူတွေကတော့ မြတ်စွာဘုရား လက်ထက် တော်က အသက် (၁၂၀) (၁၄၀) (၁၆၀) အသက်ရှည်နေကြတဲ့ ပုဂ္ဂိုလ်ထူးမျိုးတွေ ကံထူးချွန်တဲ့ ပုဂ္ဂိုလ်တွေပေါ့၊ အများအား ဖြင့်ဆိုယင်တော့ ယခုနေအခါမှာ အသက် ၇၅-နှစ်ထိအောင် နေရတဲ့ ပုဂ္ဂိုလ်ကိုက ခပ်ရှားရှားဘဲ။

ခုနကပြောခဲ့တဲ့ "အနှစ်တရာမှ တနှစ်လျော့တယ်" ဆိုတဲ့ စကားကတော့ စာပေကျမ်းဂန်နဲ့ ခိုင်ခိုင်မာမာ စကားတော့ မဟုတ်ပါဘူး၊ ဒီလို အစဉ်အဆက် ပြောလာကြတဲ့ ပြောရိုးဆိုစဉ်မျှပါဘဲ။ ဒါပေမဲ့ ယခုလူတွေ၏ ယေဘုယျ အသက်တမ်းနှင့် နှိုင်းချိန်ကြည့်ယင်တော့ အသင့်ယုတ္တိ ရှိနေပါတယ်၊ ဒါကြောင့် ယခု ထည့်သွင်းပြီး ပြောရတာဘဲ၊ ယခု ကွယ်လွန်သွားတဲ့ ဒကာမကြီး ဒေါ်သဲဟာ အသက်ရှစ်ဆယ်နှင့် ခြောက်နှစ်ဆိုတော့ ယခုကာလ အာယုသက်တမ်းက ကျော်နေပါပြီ။ ဒါကြောင့် ခုနက ပြောခဲ့တဲ့အတိုင်း အထူးကံကောင်းတဲ့ပုဂ္ဂိုလ် ကံထူးချွန်တဲ့ပုဂ္ဂိုလ်လို့ ဆိုရမှာပေါ့၊ ရှေးဘဝတွေက အသက်ရှည်ကြောင်း ဖြစ်တဲ့ ကုသိုလ်တွေ ပြုလာလို့ဘဲလို့ ဆိုရမှာပေါ့၊ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ စသည်ဖြင့် ဆောက် တည်ကျင့်သုံးရတဲ့ သီလမျိုးပေါ့လေ၊ သူတပါးကို ညှင်းဆဲသတ်ဖြတ်ခြင်း အစရှိတဲ့ အဲဒီလို မကောင်းမှုမျိုးတွေကို ကြဉ်ရှောင် ပြီးတော့ အသက်ရှည်ကြောင်းဖြစ်တဲ့ ကောင်းမှုတွေကို ဆည်းပူးစုဆောင်းပြီးလာခဲ့လို့ ယခုလိုသက်တမ်းကို ကျော်လွန်ပြီးတော့ အသက်ရှည်သွားတာပဲ၊ အဲဒီလို အသက်ရှည်ကြောင်း ကောင်းမှုကုသိုလ်ကံ၏ အစွမ်းအားနုဘော်ကြောင့် အသက်တမ်းကို ကျော်လွန်ပြီးတော့ ထူးထူးချွန်ချွန် အသက်ရှည်နေရပေမယ်လို့ အမြဲတမ်းတော့လဲ အသက်ရှင်မနေနိုင်ဘူး၊ ကိုယ်တွင်းရုပ်တွေ က အိုမင်းဆွေးမြည့်ကုန်တဲ့အတွက် နောက်ဆုံးကျတော့ သေဆုံးပျက်စီး သွားရပြန်တာဘဲ၊ ဒါကြောင့်-

ယော၊ ကံထူးချွန်၍ ထူးထူးခြားခြားအသက်ရှည်သော အကြင်တစုံတယောက်သော ပုဂ္ဂိုလ်သည်၊ အတိစ္စ၊ အသက် တမ်းကို ကျော်လွန်၍။ စေပိဇီဝတိ၊ အကယ်၍ ထူးထူးခြားခြား အသက်ရှင်နေစေကာမူ။ အထ၊ ထိုသို့ အသက်တမ်းကို ကျော် လွန်နေသောအခါ၌။ ဇရသာပိ၊ အိုမင်းဆွေးမြည့်ခြင်းကြောင့်လည်း။သော၊ ထိုပုဂ္ဂိုလ်သည်။ မီယတိ၊ ကိုယ်နှင့်အသက်မြဲလျက် မနေ သေရချေသေး၏-တဲ့။

ခန္ဓာအိမ်ဟာ အိုမင်းဆွေးမြည့်လာတော့ ပျက်စီးရတော့တာဘဲ၊ မပျက်စီးဘဲ တည်မြဲ တည်နေနိုင်တာရယ်လို့တော့ ဘယ်မှာမှ မရှိဘူး၊ အဲဒီလိုခန္ဓာအိမ်ကြီးက အိုမင်းဆွေးမြည့်ပြီး ပျက်စီးလာတော့ အဲဒီ ခန္ဓာအိမ်မှာ မှီပြီးဖြစ်နေတဲ့ အသက်လို့ ခေါ်ရတဲ့ ရုပ်ရော နာမ်ရော အဲဒါတွေကလဲ ဆက်လက်ပြီး မဖြစ်နိုင်တော့ဘူး။ တည်ရာဌာန ခန္ဓာအိမ်ကိုက မကောင်းတော့ဘဲ ဟာကိုး၊ အသက်ရုပ်နာမ်တွေကလဲ ဘယ်မှာဆက်လက်ပြီး ဖြစ်နိုင်တော့မှာလဲ၊ အဲဒီ အသက်ရုပ်နာမ်တွေ ပျက်စီးသွားတော့ သေတယ်လို့ ခေါ်ရတော့တာပါဘဲ။

သတ္တဝါတို့၏သန္တာန်မှာ ပဋိသန္ဓေကတည်းက ကံကြောင့်ဖြစ်လာတဲ့ ကမ္မဇရုပ်ဆိုတာရှိတယ်၊ အဲဒီရုပ်က ပဋိသန္ဓေကတည်းက ရှေးဦးစွာ စပြီးဖြစ်လာတယ်၊ ပြီးတော့ အဲဒီကမ္မဇရုပ်တွေကို မှီပြီးတော့ ဥတုကြောင့်ဖြစ်တဲ့ ဥတုဇရုပ်တွေကလဲ ဖြစ်လာကြတယ်၊ ပြီးတော့ စိတ်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်တွေလဲ ဖြစ်လာကြတယ်၊ နောက်ကာလကြာတော့ စားသောက်တဲ့ အစာအာဟာရကိုမှီပြီးတော့ အားဟာရကြောင့်ဖြစ်တဲ့ အာဟာရဇရုပ်တွေလဲ ဖြစ်ပေါ်လာကြတယ်၊ ဒီရုပ်တွေဟာ သတ္တဝါတို့၏ သန္တာန်မှာ မပြတ်ဖြစ်နေကြတယ်၊ ဒီရုပ်တွေထဲမှာ ကံကြောင့်ဖြစ်တဲ့ ကမ္မဇရုပ်ဆိုတာကတော့ အပြဋ္ဌာန်းဆုံး အရင်းခံအကျဆုံး ဘဲ။

## အသက်ရှည်ဘို့ မျိုးစေ့ရုပ်

ရှေးကုသိုလ်ကံက အကျိုးပေးလိုက်တော့ ကံကြောင့်ဖြစ်တဲ့ အဲဒီရုပ်ဟာ လူ့ဘဝမှာ အသက်ရှည်အောင် အဆင်းလှအောင် အနာကင်းအောင် ကျန်းမာအောင် ခွန်အားဗလနှင့် ပြည့်စုံရအောင် အစစအရာရာကောင်းတဲ့ အခြေအနေနဲ့ ပြည့်စုံရအောင် ပဋိသန္ဓေကတည်းက မျိုးစေ့ကလေးအနေနဲ့ သူကပါလာတယ်၊ အဲဒီ ရုပ်ကိုမှီပြီးတော့ အသက်လဲရှည်ရတယ်၊ အဆင်း လဲလှရတယ်၊ အနာရောဂါလဲ ကင်းရှင်းရတယ်၊ ခွန်အားဗလလဲ ကြီးမားရတယ်၊ အဲဒါတွေဟာ ကံရဲ့အစွမ်းကြောင့် ဖြစ်လာ တာတွေဘဲ၊ ဒါပေမယ့် အခြားအထောက်အပံ့တွေကလဲ ရှိပါသေးတယ်၊ အစာအာဟာရ မစားသောက်ဘဲနေယင်လဲ သူဟာ အသက်မရှည်နိုင်ဘူး၊ ဒါကြောင့် စားသောက်တဲ့ အစာအာဟာရ အထောက်အပံ့ဆိုတာလဲ ရှိရပါတယ်၊ ဘေးအန္တရာယ်ကို ရှောင်တန်ရှောင် တိမ်းတန် တိမ်းလို့ ဒီလိုလဲ စောင့်ရှောက်ပါတယ်၊ ဥတု အနေအထိုင်များနဲ့လဲ သင့်လျော်အောင် ကြည့်ပြီး ပြုပြင်စောင့်ရှောက်ရပါတယ်။

ဒါပေမယ့် ပဋိသန္ဓေကတည်းက ကံကြောင့်ဖြစ်လာခဲ့တဲ့ ကမ္မဇရုပ်ကတော့ ပြဋ္ဌာန်းပါတယ်၊ ဘာနဲ့တူသလဲဆိုယင် ပစ်လိုက်တဲ့ခဲများနဲ့ တူပါတယ်၊ ပစ်လိုက်တဲ့ခဲများဟာ ပစ်တဲ့လူရဲ့လက်က သန်စွမ်းသလောက်သာ ပြေးသွားပါတယ်၊ ခဲပစ် အလေ့အကျင့်မရှိတဲ့သူ ခဲပစ်ယင် သိပ်ပြီး ဝေးဝေး မပြေးဘူး၊ ယောက်ျားတွေနှင့် မိန်းမတွေ ခဲပစ်တာချင်း မတူဘူး၊ မိန်းမတွေ ခဲပစ်ယင် သိပ်မပြေးဘူး၊ လက်က လေ့ကျင့်သား မရဘဲဟာကိုး၊ ပစ်နေကျမဟုတ်တော့ သိပ်မပြေးဘူးပေါ့၊ ခဲပစ်နေကျ ယောက်ျားများပစ်လိုက်ယင် ခဲဟာ အများကြီးပြေးတယ်၊ အဲဒါ လိုပါဘဲ၊ ကံစွမ်းက အားနည်းနည်းဆိုယင်တော့ ရုပ်ကလဲ အားနည်းနည်း ဖြစ်တယ်၊ ကြာရှည် မဖြစ်နိုင်ဘူး၊ ကံစွမ်းက အားကောင်းကောင်းဆိုယင်တော့ ရုပ်ကလဲ အားကောင်းကောင်း ကြာရှည်စွာဖြစ်နိုင်တယ်၊ ဒါပေမယ့် ပစ်လိုက်တဲ့ခဲဟာ လမ်းမှာနံရံတို့ သစ်ပင်တို့ တိုက်မိရင်တော့ ဝေးဝေးမပြေးနိုင်တော့ဘူး၊ ကျသွားတော့တာဘဲ၊ အဲဒါလိုဘဲ အကြောင်းမညီညွတ်ယင်တော့ ဆန့်ကျင်ဘက်အကြောင်းတွေနဲ့ တွေ့ပြီးတော့ ကံကအကျိုး ပေးသလောက် မတည်ဘဲ ပျက်စီးသွားတာလဲ ရှိတတ်ပါတယ်။

ဒါကြောင့်မို့ အစာ အဟာရနဲ့လဲ သင့်လျော်အောင် စောင့်ရှောက်ကြရတယ်၊ ဥတုနဲ့ အနေအထိုင် အသွားအလာနဲ့လဲ သင့်လျော်အောင် စောင့်ရှောက်ကြရတယ်၊ ဘေးရန်အန္တရာယ်တွေနဲ့လဲ မတွေ့ရအောင် စောင့်ရှောက် ကြရတယ်၊ ယခုလူတွေ ဆေးဝါးကုသပြီး စောင့်ရှောက်ရတယ်ဆိုတာလဲ အဲဒါတွေ အတွက်ပါဘဲ၊ ကုသိုလ်ကံက အကျိုးပေးထားပေမယ့်လို့ ကြားထဲ မှာပျက်စီးစေနိုင်တဲ့ အကြောင်းတရားတွေကလဲ ပေါ်လာတတ်သေးတယ်၊ အဲဒီလို အကြောင်းတရားတွေကို ဖယ်ရှားနိုင်အောင် လို့ ဒီလိုအဖက်ဖက်က စောင့်ရှောက် ပေးနေကြရတာဘဲ။

ဒါပေမယ့် အသက်တမ်းကပြည့်ပြီး ကျော်လွန်လာပြီဆိုမှဖြင့် ဘယ်လိုဘဲ စောင့်ရှောက်ပေမယ့် လူတွေဟာ ဇရာဆိုတဲ့ အိုခြင်းတရားနဲ့တွေ့ကြရတော့တာဘဲ၊ အဲဒီ အိုခြင်းတရားကိုတော့ မကျော်လွှန်နိုင်ဘူး၊ ပြီးတော့ မကျန်းမမာ ဖျားနာခြင်း ဆိုတာနဲ့လဲ တွေ့ကြရတော့တာဘဲ၊ အဲဒါကိုလဲ တို့လူတွေဟာ မကျော်လွှန်နိုင်ဘူး၊ နောက်ဆုံးကျတော့ သေခြင်းတရားနဲ့ တွေ့ကြရတယ်၊ အဲဒါကတော့ ဘယ်သူမှ မကျော်လွှန်နိုင်တဲ့ တရားဘဲ။

အာဂစ္ဆန္တိဂ္ဂိဏ္ဍနာဝ၊ မစ္စု ဗျာဓိ ဇရာ တယော။
ပစ္စုဂ္ဂန္တုံ ဗလံ နတ္ထိ၊ ဇဝေါ နတ္ထိ ပလာယိတုံ။

မစ္စုစ၊ သေခြင်းတရားသည်ငှင်း။ ဗျာဓိစ၊ ဖျားနာခြင်းတရားသည်ငှင်း။ ဇရာစ၊ အိုခြင်းတရားသည်ငှင်း။ တယော၊ သုံးပါးသော တရားဆိုးကြီးတို့သည်။ အဂ္ဂိက္ခန္ဓာဣဝ၊ မီးပုံကြီးများ တလိမ့်လိမ့်နှင့် လောင်၍ လာကုန်ဘိသကဲ့သို့။ အာဂစ္ဆန္တိ၊ ချဉ်းကပ်၍ လာကြကုန်၏–တဲ့။

ဘေးပတ်ဝန်းကျင်က ဝိုင်းပြီး တောမီးတွေ လောင်လာသလိုပေါ့၊ တောမီးတွေဆိုတာ လောင်စရာရှိတာတွေကို အစဉ်အတိုင်း တဆက်တည်း အကုန်လောင်တာဘဲ၊ မငြိမ်းသတ်နိုင်ယင်တော့သူက တောက်လျှောက် အကုန်လောင်လာတော့တာဘဲ၊ တောင်ကမ်းပါးယံများမှာ ဆိုယင် တဟုန်ထိုး လောင်ပြီး တက်လာတတ်တယ်၊ မြေပြင်မှာလဲ လေပင့်ပေးတဲ့အခါ ဟုန်းဟုန်း ဟုန်းဟုန်းနဲ့ အမြန်ကြီး လောင်လာတတ်တယ်၊ လေငြိမ်နေယင်တော့ ဖြေးဖြေးခြင်းဘဲ လောင်လာတတ်တယ်၊ အဲဒီလိုဘေးပတ်ဝန်းကျင်က မီးတွေဝိုင်းပြီး တဟုန်းဟုန်းနဲ့ လောင်လာယင် မီးဝိုင်းမိနေတဲ့သူဟာ ဘယ်မှ ပြေးစရာမရှိတော့ဘူး၊ မိမိအနီး အဲဒီ မီးတွေရောက်လာတဲ့အခါ အလောင်ခံရရုံ ရှိတော့တာဘဲ။

အဲဒီလိုဘဲ သတ္တဝါတွေမှာ အိုခြင်းတရား နာခြင်းတရား သေခြင်းတရားဆိုတဲ့ ချဉ်းကပ်လာတဲ့ တရားဆိုးကြီး တွေက ၃–မျိုးရှိတယ်၊ ဒီတရားဆိုးကြီးတွေက ပဋိသန္ဓေက စပြီး တဖြေးဖြေးချင်း ချဉ်းကပ်လာနေကြတယ်၊ အကြောင်းမကောင်းတဲ့ တချို့ပုဂ္ဂိုလ်မှာတော့ မြန်မြန်လဲ ချဉ်းကပ်လာတတ်ကြတယ်၊ အဲဒီ ၃–မျိုးထဲမှာ အိုခြင်းတရားက ရှေးဦးစွာ ရောက်လာတတ်တယ်၊ ပြီးတော့ နာခြင်းတရား၊ ပြီးတော့ သေခြင်းတရား၊ ဒီလို အစဉ်အတိုင်း ရောက်လာတတ်တယ်၊ ယခုခေတ်မှာ အသက် ငါးဆယ် ခြောက်ဆယ်ဆိုယင် အိုခြင်းတရားက တော်တော်ကို လွှမ်းမိုးနေပြီ၊ ကံညံ့တဲ့ အချို့ပုဂ္ဂိုလ်မှာတော့ မအိုသေးပေမယ့် နာခြင်းတရားက ရောက်လာပြီးတော့ သေကြ ပျက်စီးသွားရရှာတယ်၊ ဒီတရားဆိုးတွေကို ဘယ်သူမှ မရှောင်နိုင်ဘူး၊ ဘယ်သူမှ မကျော်လွှန်နိုင်ဘူး၊ ဘယ်သူမှ သူတို့ကို မနှိမ်နင်းနိုင်ဘူး၊ အင်မတန် ကြောက်စရာကောင်းတဲ့ တရားဆိုးကြီးတွေပါဘဲ၊ ဒါကြောင့်–

## မရနိုင်တာတွေ

လောကသ္မိံ ၊ လောကထဲ၌၊ သမဏေနဝါ၊ ရဟန်းဖြစ်စေ၊ အလဗ္ဘနီယာနိ ဌာနာနိ၊ စီမံခန့်ခွဲ၍ တောင့်တ၍ မရနိုင်တဲ့ အရာဌာနကြီးတွေဘဲတဲ့။ အလဗ္ဘနီယဌာနကြီး ၅–ခုမှာ အပါအဝင်ဖြစ်တဲ့ ဒီတရားဆိုးကြီးတွေကို မဖြစ်ပါစေနဲ့လို့ ရဟန်းကလဲ မစီမံ မခန့်ခွဲနိုင် မကာကွယ်နိုင်ပါဘူးတဲ့။

ဗြာဟ္မဏေနဝါ၊ ဗြာဟ္မဏ ပုဏ္ဏားဖြစ်စေကာမူ မတတ်နိုင်ပါဘူးတဲ့၊ အိန္ဒိယနိုင်ငံမှာ ဗြာဟ္မဏလူမျိုးတွေ ဆိုတာရှိတယ်၊ ဇာတ်မြင့်ဟိန္ဒူတွေပါဘဲ၊ သူတို့ကို ရည်ပြီးဆိုတာ၊သူတို့က အင်မတန် တွင်ကျယ်ချင်တဲ့လူတွေဘဲ၊ ရှေးကဆိုယင် နေရာတကာမှာ သူတို့ဘဲ ချယ်လှယ်လာခဲ့တယ်၊ သူတို့ဘဲ ကျမ်းတွေကို ရေးခဲ့ကြတယ်၊ သူတို့ရေးတဲ့ ကျမ်းတွေအတိုင်း လူတွေက အဟုတ်မှတ်ပြီး လိုက်နာနေကြရတယ်၊ သူတို့က စားဝတ်နေရေးမှစပြီး လူတွေလိုက်နာဘို့ စည်းကမ်း နည်းလမ်းတွေကို ပညတ်သတ်မှတ်ပေးတယ်၊ အမျိုးလေးပါးသတ်မှတ်ပြီး လူတွေကို အဆင့်အတန်းခွဲတာလဲ သူတို့အလုပ်ဘဲ၊ အဲဒါတွေကို နောက်လူတွေက အဟုတ်မှတ်ပြီး ယုံကြည်ပြီးတော့ လိုက်ပြီးလုပ်နေ ကြရတယ်၊ ဗမာပြည်မှာ ရက်ရာဇာ၊ ပြဿဒါးစသည်ဖြင့် ဗေဒင်အယူအဆ အစွဲအလမ်းတွေဟာ အဲဒီ ဗြာဟ္မဏတွေ တီထွင်ထားတာတွေဘဲ၊ အဲဒီ ဗြာဟ္မဏတွေကို ဟိုခေတ်တုန်းက အထင်ကြီးကြတယ်၊ အဲဒီ ဗြာဟ္မဏဆိုတဲ့ လူတွင်ကျယ်တွေလဲ ဒီအိုခြင်း နာခြင်း သေခြင်းတရားတွေကျတော့ ဘာမျှ မတတ်နိုင်ကြပါဘူးတဲ့။

## နတ်လဲ အထင်မကြီးသင့်

ဒေဝေနဝါ၊ နတ်ပဲဖြစ်စေကာမူ မတတ်နိုင်ပါဘူးတဲ့၊ လူတွေက မိမိတို့ကိုယ်တိုင်က အစွမ်းအင်အားမရှိတော့ သူတပါးကို အားကိုးကြတယ်၊ အားမရှိတဲ့လူဟာ အားရှိတဲ့လူကို အားကိုးမြဲဘဲ၊ ကလေးတွေများ သူတို့ကိုယ်တိုင်က အားမရှိတော့ လူကြီးတွေကို အားကိုးကြတယ်၊ တစုံတခု ကြောက်စရာကိုတွေ့ယင် လူကြီးတွေကို အားကိုးတော့တာဘဲ၊ ခွေးကဘဲ ဟောင်ဦးတော့ လူကြီးနား ပြေးကပ်လာတာဘဲ၊ သူတို့က အားမရှိဘဲဟာကိုး၊ အားရှိတဲ့ လူကြီးတွေ အားကိုးရတာပေါ့၊ အဲ–လူတွေက မိမိတို့မျက်မြင်မှာတော့ လူအချင်းချင်း ဆိုယင်ဘယ်သူကမှ ဘယ်သူ့ကို မကာကွယ်နိုင်ဘူး၊ ထူးထူးခြားခြား ကောင်းစားအောင် မကယ်မနိုင်ဘူးဆိုတာကို သိနေကြတယ်၊ ဒါကြောင့် လူအချင်းချင်းတော့ တယ်ပြီးအထင်မကြီးကြဘူး၊ နတ်တွေဆိုတာကတော့ လူတွေက မမြင်ကြရဘူး၊ သူတို့က ထင်ရှား ပြတဲ့အခါ တဦးတလေလောက်သာ တခါတရံ မြင်ကြရတယ်၊ ဒါကြောင့် အဲဒီနတ်တွေကို သိပ်တန်ခိုးကြီးတယ်လို့ ထင်နေကြတယ်၊ အစစအရာရာမှာ နတ်တွေက ကာကွယ်နိုင်တယ်၊ ကယ်မနိုင်တယ်လို့ ယုံကြည်ပြီးတော့ နတ်တွေကို လူတွေက အားကိုးနေကြတယ်၊တကယ် အရေးကြုံလာတဲ့အခါကျတော့ တချို့က နတ်ကတော်တွေတောင် အားကိုးလိုက် ကြသေးတယ်၊ အမှန်မှာတော့ နတ်တွေလဲ လူတွေထင်သလောက် အစွမ်းကောင်းလှတာ အားရှိလှတာ မဟုတ်ကြပါဘူး၊ သူတို့လဲ အိုခြင်း နာခြင်း သေခြင်း တရားတွေကို ဘယ့်နှယ်မှ မတတ်နိုင်ကြပါဘူး၊

သူတို့လဲ သူတို့ရဲ့ ကံအကြောင်းက အကျိုးပေးသလောက်သာ အခွင့်အရေးကလေးရပြီး နေကြတာဘဲ၊ ဒါကြောင့်– ဒေဝေနဝါ၊ နတ်ဖြစ်စေကာမူ ဒီတရား ဆိုးကြီးတွေကိုတော့ ဘာမှ မတတ်နိုင်ကြပါဘူးတဲ့။

မာရေနဝါ၊ မာရ်နတ်ဖြစ်စေကာမူ ဘာမျှမတတ်နိုင်ပါဘူးတဲ့၊ မာရ်နတ်ဆိုတာဟာ နတ်ပြည် ၆–ထပ်မှာ အင်မတန် ကျော်စောထင်ရှားတဲ့ နတ်ကြီးတယောက်ပဲ၊ ဘုရားကိုတောင်မှ သူက ဆန့်ကျင်ဘက်ပြုပြီး အနှောင့်အယှက် ပေးနေသေးတယ်၊ အဲ–သူလဲ အိုခြင်း နာခြင်း သေခြင်း ဆိုတဲ့ ဒီတရားဆိုးတွေကျတော့ ဘာမျှ မတတ်နိုင်ဘူးတဲ့။

## ဗြဟ္မာလဲ မတတ်နိုင်

ဗြဟ္မုနဝါ၊ ဗြဟ္မာမင်းကြီး ဖြစ်စေကာမူ ဘာမျှ မတတ်နိုင်ပါဘူးတဲ့၊ လောကမှာတော့ ဗြဟ္မာကို အယုံအကြည်ရှိတဲ့ လူတွေ နတ်တွေ အောက်လက် ဗြဟ္မာတွေက ကမ္ဘာလောကကြီးရော သတ္တဝါတွေရော အားလုံးကို ဗြဟ္မာမင်းကြီးက ဖန်ဆင်း ထားတယ်လို့ ယုံကြည်ယူဆထားကြတယ်၊ အသက်ရှည်အောင် ကျန်းမာ ချမ်းသာအောင် အစစအရာရာ ကောင်းစား အောင် ဗြဟ္မာမင်းကြီးက ပြုလုပ်ပေးနိုင်တယ်လို့ ယုံကြည်နေကြတယ်၊ ကောင်းကင်ဘုံက ဘုရားသခင်ဆိုတာဟာ အဲဒီ ဗြဟ္မာမင်း ကြီးကို ရည်ရွယ်တာပါဘဲ၊ အဲဒါကို တချို့က ဗြဟ္မာဆိုတဲ့ အမည်ရင်းနဲ့ ကိုးကွယ်ကြတယ်၊ တချို့က ထာဝရဘုရား သခင်ဆို တဲ့ အမည်နဲ့ ကိုးကွယ်ကြတယ်၊ အဲဒီလို ကိုးကွယ်နေကြတဲ့ ဘာသာဝင် ပုဂ္ဂိုလ်တွေကတော့ အဲဒီ ဗြဟ္မာမင်းကြီး ဘုရားသခင် ကြီးကို အင်မတန်တန်ခိုးကြီးတယ် အနန္တတန်ခိုးတော်နှင့် ပြည့်စုံတယ်လို့ ယုံကြည် ထင်မှတ်နေကြပါတယ်၊ အဲဒီလို ယုံကြည် ထင်မှတ်ရတဲ့ ဗြဟ္မာမင်းကြီး ဘုရားသခင်ကြီးလဲ ဒီအိုခြင်း နာခြင်း သေခြင်းဆိုတဲ့ တရားဆိုးကြီးတွေကိုတော့ ဘာမျှမတတ် နိုင်ပါဘူးတဲ့၊ သူများအတွက် မပြောနဲ့တော့၊ သူ့အတွက်တောင် အဲဒီ ဗြဟ္မာမင်းကြီးဟာ ဘာမျှမတတ်နိုင်ဘူး၊ အသက်တမ်း ကုန်ယင် သူလဲ သေရတာဘဲ၊ ဘာမျှ မတတ်နိုင်ဘူး။

## ဘုရားလဲ မတတ်နိုင်

လောကသ္မိံ၊ လောက၌။ ကေနစိဝါ၊ ထူးချွန်သူ တစုံတယောက် ဖြစ်စေကာမူ ဘုရား ရဟန္တာ ပုဂ္ဂိုလ်ဖြစ်စေကာမူ ဘာမျှ မတတ်နိုင်ပါဘူးတဲ့၊ တရားကျင့်သုံးလို့ တရားဉာဏ်အလင်းတွေကို ရပြီးတော့ တန်ခိုးဣဒ္ဓိပါဒ်တွေနဲ့ ပြည့်စုံနေတဲ့ ဘုရားရဟန္တာ ပစ္စေကဗုဒ္ဓါဘဲ ဖြစ်စေကာမူ ဘာမျှ မတတ်နိုင်ဘူး၊ အိုခြင်းတရားနဲ့ တွေ့ပြီးတော့လဲ အိုရတာဘဲ၊ နာခြင်းတရား နဲ့တွေ့ပြီးတော့လဲ နာရတာဘဲ၊ သေခြင်းတရားနဲ့ တွေ့ပြီးတော့လဲ သေရတာဘဲ၊ အဲဒါကို ပရိနိဗ္ဗာန်ပြုတယ်လို့ ခေါ်ရတယ်၊ အမည်ဝေါဟာရလောက်ပဲ ပြောင်းရတာဘဲ၊ ပြီးတော့ နောင်ဘဝ အသစ်မဖြစ်ရဘူး၊ အဲဒါလောက်ဘဲ ထူးပါတယ်၊ လက်ရှိ ရုပ်နာမ်ခန္ဓာတွေ ပျက်စီးပြီး သေရတာကတော့ အတူတူပါဘဲ။

## အကြီးဆုံး ရန်သူတွေ

ဒါကြောင့် ဒီတရားဆိုးကြီးတွေက တော်တော်ကို စိတ်နာစရာ ကောင်းတဲ့ တရားဆိုးကြီးတွေဘဲ၊ မုန်းစရာ ရွံ့စရာ ကြောက်စရာ ကောင်းတာတွေထဲမှာ အိုခြင်း နာခြင်း သေခြင်းဆိုတဲ့ ဒီတရား ၃–ခုဟာ မုန်းစရာအကောင်းဆုံး၊ ရွံ့စရာ အကောင်းဆုံး၊ ကြောက်စရာ အကောင်းဆုံးဘဲ၊ ရန်သူတွေထဲမှာ အကြီးဆုံး ရန်သူကြီးတွေဘဲ၊ ဒိပြင် သက်ရှိ ပုဂ္ဂိုလ် သတ္တဝါ ရန်သူဆိုတာကတော့ ရှောင်တိမ်းလို့လဲ ရပါတယ်၊ ခုခံကာကွယ်လို့ တွန်းလှန်လို့လဲ ရပါတယ်၊ စုဆောင်းထားလို့ အင်အား တောင့်တင်းယင် အဲဒီပုဂ္ဂိုလ် သတ္တဝါ ရန်သူတွေကတော့ ကာကွယ်လို့လဲ ရပါတယ်။ တွန်လှန်ဖြိုဖျက်လို့လဲ ရပါတယ်၊ ဟောဒီ အိုခြင်း နာခြင်း သေခြင်း တရားဆိုးကြီးတွေကတော့ ဘာမျှ လုပ်လို့မရဘူး၊ ဘယ့်နှယ်မှ ခုခဲ မခုခံနိုင်ဘူး၊ ကာလဲ မကာကွယ်နိုင်ဘူး၊ ငုံ့ပြီးတော့သာ ခံနေကြရတာဘဲ။

မကျန်းမမာ ရောဂါဝေဒနာဖြစ်လာတဲ့အခါ အတော်အသင့်ဆိုယင်တော့ ဆေးဝါး ကုသလို့ ပျောက်ကင်းသွားတာလဲ ရှိပါသေးရဲ့၊ ဒါပေမယ့် တကယ်ပြင်းပြင်းထန်ထန် ဖြစ်လာယင်တော့ ဘာမျှ မတတ်နိုင်ဘူး၊ ငုံ့ခံနေရတော့တာဘဲ၊ အိုခြင်း တရားကတော့ ဆေးကုလို့ လုံးလုံးမရတဲ့ တရားဘဲ၊ အဲဒါလဲ သွားကျိုးယင် သွားစိုက်လိုက်၊ ဆံဖြူယင် ဆေးဆိုးလိုက်၊ မျက်စိ မှုံယင် မျက်မှန်တပ်လိုက်နဲ့ အနည်းအကျဉ်းတော့ ပြုပြင်လို့ ရသေးတယ်ဆိုရမှာဘဲ၊ ဒါပေမယ့် တကယ် အိုကြီးအိုလာတော့ သွားချင်တိုင်းလဲ မသွားနိုင်၊ စားချင်တိုင်းလဲ မစားနိုင်၊ အိပ်ချင်တိုင်းလိုင်း မအိပ်နိုင်နဲ့ အဲဒါတွေကို အစားထိုးလို့ ပြုပြင်လို့ မရနိုင်တော့ပါဘူး၊ ဟော–နောက်ဆုံး သေခြင်းတရားဆိုတာကတော့ ဆေးကုလို့ ပြုပြင်လို့ ဘာမှမရဘူး၊ သူ့အချိန်ကျယင် သေသွားရတာချည်းဘဲ။

ဒါကြောင့်–မစ္စုစ၊ သေခြင်း တရားသည်၎င်း။ ဗျာဓိစ၊ ဖျားနာခြင်း တရားသည်၎င်း၊ ဇရာစ၊ အိုခြင်း တရားသည် ၎င်း။ ဣမေ တယော ဓမ္မာ၊ ဤသုံးပါးသော တရားဆိုးကြီးတို့သည်။ အဂ္ဂိက္ခန္ဓာဣဝ၊ မီးပုံကြီးများ တလိမ့်လိမ့်နဲ့ လောင်၍

လာကုန်ဘိသကဲ့သို့။ အာဂစ္ဆန္တိ၊ ချဉ်းကပ်၍ လာကြကုန်၏။ တေ၊ ထိုသုံးပါးသော တရားဆိုးကြီးတို့ကို။ ပစ္စုဂ္ဂန္တုံ၊ ပြန်သွားအောင် တွန်းလှန်ဖြိုဖျက်ခြင်းငှာ။ ဗလံ၊ ခွန်အားသည်။ နတ္ထိ၊ မရှိချေ။

အဲဒီ တရားဆိုးတွေကို နောက်ပြန်သွားအောင် တွန်းလှန်ဘို့လဲ မတတ်နိုင်ပါဘူးတဲ့၊ လောကမှာ လူအချင်းချင်းဆိုယင်တော့ လက်နက်နဲ့ အချွေအရံ အပေါင်းအသင်းတွေနဲ့ အနိုင်အထက်လုပ်ပြီး တွန်းလှန်နိုင်ပါတယ်၊ တနိုင်ငံနဲ့ တနိုင်ငံ လဲဘေးရန် အန္တရာယ်တွေကို ကာကွယ်ရအောင်လို့ စစ်တပ်ကြီးတွေ ဖွဲ့စည်းထားကြတယ်၊ ဘေးရန် ပေါ်လာတဲ့အခါ မှာ အဲဒီ စစ်တပ်တွေနဲ့ ကာကွယ်ကြ တွန်းလှန်ကြတယ်၊ အဲဒီလို ကာကွယ်ကြ တွန်းလှန်ကြတဲ့ စစ်ဘုရင်ကြီးတွေ စစ်သေနာပတိကြီးတွေ စစ်ဗိုလ်ကြီးတွေလဲ အိုခြင်း နာခြင်း သေခြင်းဆိုတဲ့ ဒီတရားဆိုးကြီးတွေကျတော့ ဘာမှ မတတ်နိုင်ရှာကြဘူး၊ လက်မြှောက်ပြီး အရှုံးပေးလိုက်ကြရတော့တာဘဲ၊ ဘယ်လို နောက်လိုက် အခြွေအရံတွေများပြီး တန်ခိုးဣဒ္ဓိပါဒ်ကြီးနေတဲ့ ပုဂ္ဂိုလ်တွေဖြစ်ပေမယ့် ဒီတရားဆိုးတွေကိုတော့ ဘာမှမတတ်နိုင်ဘူး၊ မခုခံမတွန်းလှန်နိုင်ဘူး၊ ငုံ့ပြီးခံကြရ အရှုံးပေးကြရတာချည်းဘဲ။

ဒီလို အနှိပ်စက်ခံကြရတာကလဲ ဒီတဘဝတည်း မဟုတ်ဘူး၊ ဘဝတိုင်း ဘဝတိုင်း ဒီလိုဘဲ အနှိပ်စက် ခံလာခဲ့ကြရတယ်၊ သက်ရှိ ပုဂ္ဂိုလ် သတ္တဝါ ရန်သူတွေဆိုတာကတော့ ဒီဘဝမှာ နှိပ်စက်နိုင်ယင် ဒီတဘဝတည်းသာ နှိပ်စက်နိုင်တယ်၊ နောက်ဘဝတွေမှာ လိုက်ပြီးမနှိပ်စက်နိုင်ဘူး၊ အိုခြင်း နာခြင်း သေခြင်းဆိုတဲ့ ဒီတရားဆိုးတွေကတော့ ဘဝတိုင်း ဘဝတိုင်း လိုက်ပြီးနှိပ်စက်နေတာဘဲ၊ ကုသိုလ်ကံက အကျိုးပေးလို့ လူချမ်းသာ နတ်ချမ်းသာတွေနဲ့ ပြည့်စုံပြီး ကံကောင်း နေတဲ့အခါလဲ သူတို့က လိုက်ပြီး နှိပ်စက်ကြတာဘဲ၊ ဘယ်သူ့ကိုမှ မရှောင်ဘူး၊ အလွန်ကြောက်စရာကောင်းတဲ့ တရားဆိုးကြီးတွေဘဲ၊ ကံမကောင်းတဲ့အခါလဲ သနားညှာတာခြင်း မရှိဘူး၊ နှိပ်စက်တာဘဲ၊ အင်မတန်ကြောက်စရာ ကောင်းပါတယ်၊ ဒါတွေကို လူတိုင်း လူတိုင်း သတ္တဝါတိုင်း သတ္တဝါတိုင်း ဘဝတိုင်း ဘဝတိုင်း တွေ့လာရတာဘဲ၊ ပြန်ပြီး စဉ်းစားကြည့်မယ်ဆိုယင် အင်မတန်ကို ကြောက်စရာ ကောင်းပါတယ်။

ဇဝေါ နတ္ထိ ပလာယိတုံ။ ။ပလာယိတုံ၊ လွတ်အောင် ပြေးခြင်းငှာ။ ဇဝေါ၊ လျင်မြန်သော အဟုန်သည်။ နတ္ထိ၊ မရှိချေ–တဲ့။

အဲဒီ အိုခြင်း နာခြင်း သေခြင်း တရားတွေက လွတ်အောင် ပြေးနိုင်တဲ့ အဟုန်အင်အားလဲ သတ္တဝါတွေမှာ မရှိကြပါဘူးတဲ့၊ လောကမှာတော့ ရန်သူတွေနဲ့ တွေ့တဲ့အခါ အပြေးကောင်းယင်လဲ လွတ်တယ်၊ ဥပမာ–တောထဲက သမင်တို့ ယုန်တို့ ဒီလို အင်အားမဲ့တဲ့ သတ္တဝါကလေးတွေဟာ ရန်သူလာယင် ပြေးကြတာဘဲ၊ သူ့ခမြာတွေ ခုခံနိုင်တဲ့ အင်အားက မရှိတော့ ပြေးဘို့ရာဘဲ အားကိုးထားကြတယ်၊ အဲဒီ သတ္တဝါကလေးတွေကို စဉ်းစားကြည့်လိုက်ယင် သနားစရာ သိပ်ကောင်း တာဘဲ၊ ဒါပေမယ့်သနားကရုဏာ မရှိတဲ့ လူတွေက ဒီအကောင် ကလေးတွေကို သွားပြီး ညှင်းဆဲကြတယ်၊ တချို့လူတွေက ဘာရယ်လို့မဟုတ်ပါဘူး၊ ပျော်စရာကောင်းတယ်ထင်ပြီးတော့ အဲဒီသတ္တဝါကလေးတွေကို အပျော်တမ်းလိုက်ပြီး ပစ်ခတ်ကြ သတ်ဖြတ်ကြတယ်၊ တယ်နေရာမကျတဲ့ လူတွေဘဲ၊ ကိုယ်ချင်းစာတရား ကင်းမဲ့တဲ့ လူတွေဘဲ၊ သူတို့ကတော့ ပျော်နေကြတယ်၊ ဟိုက သတ္တဝါ ကလေးတွေမှာဖြင့် သေပြေး ရှင်ပြေး သိပ်ပြေးနေရှာကြရတယ်၊ ဒီအထဲက မပြေးနိုင်ယင်လဲ သေရှာ ကြရတော့တာဘဲ၊ အင်မတန်ကို သနားစရာကောင်းပါတယ်၊ ပြေးနိုင်ယင်တော့ အဲဒီသတ္တဝါကလေးတွေဟာ ရန်သူလက်မှ လွတ်သွားကြတယ်၊ ဟောဒီ အိုခြင်း နာခြင်း သေခြင်းဆိုတဲ့ တရားတွေကတော့ ပြေးလို့လဲ မလွတ်ဘူး၊ ဘယ်မှလဲ မပြေးနိုင်ဘူး၊ ပြေးယင်လဲ ပြေးရာမှာ လိုက်ပြီးတော့ အိုမှာ နာမှာ သေမှာဘဲ၊ တယ်ကြပ်တဲ့ တရားတွေပါပဲ။

ဒီနေရာမှာ စိတ်သက်သာအောင် ဖြေစရာ အကြောင်းတခုကတော့ ရှိပါသေးရဲ့၊ ဘာလဲဆိုယင်–"ဒီတရားဆိုးကြီးတွေနဲ့တွေ့ရတာက ကိုယ်တဦးတည်းလဲ မဟုတ်ဘူး၊ ကိုယ်နဲ့စပ်တဲ့ လူတဦးတည်းလဲ မဟုတ်ဘူး၊ တမြို့တရွာတည်း တွေ့ရတာလဲ မဟုတ်ဘူး၊ တနိုင်ငံတည်း တွေ့ရတာလဲ မဟုတ်ဘူး၊ လူ့ပြည်လောက တခုတည်း တွေ့ရတာလဲ မဟုတ်ဘူး၊ အမှန်အားဖြင့်တော့ မြို့တိုင်း ရွာတိုင်း တိုင်းပြည် နိုင်ငံတိုင်း လူ့ပြည်ရော နတ်ပြည်ရော ဗြဟ္မာ့ပြည်ရော တလောကလုံးမှာ ရှိရှိသမျှ သတ္တဝါတိုင်း တွေ့ကြုံနေရတဲ့ တရားတွေဘဲ" လို့ ဒီလို ဆင်ခြင်လိုက်ယင်တော့ စိတ်သက်သာရာ ရဘို့ ရှိပါတယ်။

## အမြတ်ထုတ်ဘို့ အရေးကြီးသည်

အရေးကြီးတာကတော့ ဒီတရားဆိုးတွေနဲ့ မရှောင်မလွဲသာ တွေ့ကြုံနေရပေမယ့်လို့ အဲဒါတွေနဲ့ မတွေ့ရသေးခင် မအိုခင် မနာခင် မသေခင် စောစောကတည်းက မိမိတို့၏ ခန္ဓာထဲမှာ အဘိုးတန်တရားတွေကို အမြတ်ထုတ်ပြီးယူဘို့ အရေးကြီးပါတယ်၊ ဥပမာ–အိမ်ကိုမီးလောင်ယင် အိမ်ထဲက အဘိုးတန် ပစ္စည်းကလေးတွေကို ရနိုင်သမျှ ထုတ်ပြီးယူဘို့ အရေးကြီးသလိုပါဘဲ၊ မိမိတို့ ခန္ဓာကိုယ်ကြီးဟာ တနေ့ကျယင် ဒီတရားဆိုးတွေနဲ့ တွေ့ရမယ်၊ ဘယ်နည်းနဲ့မှ မရှောင်တိမ်းနိုင်ဘူး၊ မကာကွယ်နိုင်ဘူး၊ ဒီတော့ ဒီတရားဆိုးတွေနဲ့တွေ့ပြီး အလကားပျက်စီးသွားမည့် ဒီခန္ဓာကိုယ်ထဲက အဘိုးတန်တဲ့ ကုသိုလ်ကောင်းမှုတွေ၊ ဒါန သီလ အစရှိသော ပါရမီကုသိုလ်တွေ၊ သူတော်ကောင်း တရားတွေ၊ ဒီလိုအဘိုးတန် ဥစ္စာတွေကို ထုတ်ယူဘို့ရာ အရေးကြီးပါတယ်။

ယခုနေအခါမှာ မြတ်စွာဘုရား သာသနာတော်ကြီးနဲ့ တွေ့ကြုံနေကြရတဲ့ တို့ဒကာ ဒကာမတွေမှာ ဒီလို အဘိုးတန်တရားတွေကို ထုတ်ယူဘို့ အခွင့်ကောင်းတွေကတော့ အများကြီးဘဲ ရနေကြပါတယ်၊ သာသနာတော်နဲ့ တွေ့ကြုံရလို့ သဒ္ဓါတရားနဲ့ ပြည့်စုံပြီးနေကြတယ်၊ သဒ္ဓါတရားနဲ့ ပြည့်စုံကြတဲ့အတွက် ဘုရား တရား သံဃာနဲ့စပ်ပြီး ကုသိုလ်ကောင်းမှုတွေ အများကြီး ဖြစ်ပွားနေကြပါတယ်၊ အင်မတန် ကံကောင်းကြပါတယ်၊ ဒီလို ကုသိုလ်ကောင်းမှု ပြုလုပ်နိုင်ကြတာတွေကို ဆင်ခြင်ကြည့်ယင်တော့ အင်မတန် ဝမ်းသာစရာ အားရစရာ ကောင်းကြပါတယ်။

## ရုပ်ကိုက အားမကိုးရဘူး

လူတို့၏ သန္တာန်မှာ ရှိနေတာက ရုပ်နဲ့နာမ် ဒီတရားနှစ်ပါးသာရှိတယ်၊ ဒီနှစ်ပါးထဲက ရုပ်တရားတွေ ဆိုတာဟာ အားမကိုးလောက်တဲ့ တရားတွေဘဲ၊ ဒါပေမယ့် လူတွေက ဒီရုပ်ကိုယ်ကြီးကို အင်မတန် အားကိုးနေကြတယ်၊ ဒီရုပ်ကိုယ်ကြီးကို အမြဲတမ်း ပြုပြင်ပေးကြတယ်၊ နေ့စဉ်နေ့တိုင်း ရေမိုးချိုးလို့ ပန်းနံ့သာတွေ လိမ်းလို့ အဆင်တန်ဆာ တွေနဲ့ အမျိုးမျိုးဆင်ယင်လို့ ပြုပြင်ပေးနေကြတယ်၊ ဒီလို ပြုပြင်ပေးနေသော်လဲ ဒီကိုယ်ကြီးကတော့ အညစ်အကြေးတွေ ရှိနေတာဘဲ၊ မစင်ကြယ်နိုင်ဘူး၊ ကျန်းမာအောင်လို့ သင့်တော်တဲ့ အစာအာဟာရတွေနဲ့သာ စားသောက်ပြီး ပြုပြင်ပေးနေ ကြတယ်။ အညောင်းအညာပြေအောင် အသွားအလာ အနေအထိုင်နဲ့လဲ ပြုပြင်ပေးနေကြတယ်၊ နိုပ်နယ်ပြီးတော့လဲ ပြုပြင် ပေးနေကြတယ်၊ ဆေးဝါး အမျိုးမျိုးနဲ့လဲ ပြုပြင်ပေးနေကြတယ်၊ ဘယ်လိုဘဲ ပြုပြင်ပေးနေပေမယ်လို့ ဒီရုပ်ကိုယ်ကြီးကတော့ အိုချိန်ကျယင် အိုလာမှာဘဲ၊ မအိုရအောင် မတတ်နိုင်ဘူး၊ အကြောင်းမညီညွတ်တဲ့အခါ မကျန်းမာ နာဖျားလာမှာဘဲ၊ မနာမဖျားအောင်လဲ မတတ်နိုင်ဘူး၊ အသက်တမ်းကုန်လို့ဖြစ်စေ ကံစွမ်းကုန်လို့ဖြစ်စေ တနေ့ကျတော့ သေကြပျက်စီးမှာဘဲ၊ မသေမပျက်အောင်လဲ မတတ်နိုင်ဘူး၊ သေပျက်သွားတဲ့နောက်မှာ ဒီရုပ်ကိုယ်ကြီးက ဘာမှ အဘိုးမတန်တော့ဘူး။

ပဌမက ပြောခဲ့တဲ့အတိုင်း ဘုရားလက်ထက် အသက်တရာတမ်းမှာဆိုယင် အသက်တရာကျော်ပြီး အသက်ရှည်နေသော်လဲ အိုမင်းပြီးတော့ တနေ့ကျယင် သေရတာဘဲ၊ ယခုခေတ် ခုနစ်ဆယ်ကျော် ရှစ်ဆယ်တမ်းမှာလဲ ရှစ်ဆယ်ကကျော်ပြီး အသက်ရှည်နေပေမယ့်လို့ အိုမင်းပြီးတော့ တနေ့ကျတော့ သေရမှာဘဲ၊ အဲဒီလို သေသွားကြတာတွေဟာ ကိုယ့်မျက်စိနဲ့ ထင်ရှားတွေ့မြင်နေကြရတာဘဲ၊ သေသွားတဲ့အခါကျတော့ ဒီရုပ်ကိုယ်ကြီးဟာ ဘာမှအသုံးမကျတော့ဘူး၊ ပုပ်ပြီး ပျက်စီးသွားတော့တာပဲ၊ မသေခင်တုန်းကတော့ ကံကြောင့်ဖြစ်တဲ့ ကမ္မဇရုပ်တွေနဲ့ ပူပေါင်းနေလို့ မပုပ်မပျက်ဘဲ ကောင်းနေ ခဲ့တာ၊ သေသွားတဲ့အခါကျတော့ ကမ္မဇရုပ်တွေဆိုတာက မရှိတော့ဘူး၊ အဲဒီ ကမ္မဇရုပ်တွေထဲက ဇီဝိတခေါ်တဲ့ အသက်ရုပ် အစောင့်အရှောက်က မရှိတော့ဘူး၊ ဒါကြောင့် ရုပ်ကိုယ်ထဲက အသားရုပ် အကြောရုပ်တွေဟာ ပုပ်ပြီးတော့ ပျက်စီးသွားကြတယ်၊ အရိုးရုပ်တွေကလဲ တဖြည်းဖြည်း ဆွေးမြည့်ပြီးတော့ ပျက်စီးကုန်တယ် တော်တော်ကြာတော့ အမှုန့်မှုန့်တွေဖြစ်ပြီး လုံးလုံးပျောက်သွားတော့တာဘဲ၊ ရှာလို့တောင် မတွေ့ရတော့ဘူး၊ အဲဒီလို ပျောက်သွား ကြတာချည်းဘဲ။

## ပျောက်ပျက်မသွားတဲ့ သတ္တိ

ဒီလို ရုပ်ကိုယ်ကြီးက လုံးလုံး ပျောက်ပျက်သွားပေမယ်လို့ စိတ်နာမ်တရားနဲ့ဆိုင်တဲ့ သဘောသတ္တိတွေကတော့ ပျောက်ပျက်မသွားဘူး၊ အဲဒါတွေက ဘာတွေလဲဆိုယင် မိမိတို့ပြုထားတဲ့ ဒါန သီလ အစရှိသော ကောင်းမှုတွေပါဘဲ၊ အဲဒါတွေကတော့ သံသရာ ဘဝအဆက်ဆက်မှာ အားထားရာ ကိုးကွယ်ရာ ထောက်တည်ရာတွေဖြစ်ပြီး အစဉ်လိုက် ပါနေပါတယ်၊ ဘဝတိုင်းဘဝတိုင်း လိုက်ပြီးတော့ ဆွေမျိုးအရင်းအချာလိုဘဲ စောင့်ရှောက်နေပါတယ် အဲဒီလို စောင့်ရှောက်နေတာကို သတ္တဝါတွေကတော့ မသိမမြင်နိုင်ကြဘူး ကုသိုလ်ကံကတော့ လိုက်ပြီး စောင့်ရှောက် နေပါတယ်၊ ယခု လူတွေရဲ့ အခြေအနေကို အကဲခပ်ကြည့်ယင် ကံက စောင့်ရှောက်နေပုံကို သိနိုင်ပါတယ်၊ ကုသိုလ်ကံရှိတဲ့ သူတွေဟာ ဘာဘဲလုပ်လုပ် ထမြောက်အောင်မြင်နေတာဘဲ၊ ကြီးပွားတိုးတက်နေတာဘဲ၊ မဆင်းရဲရဘူး၊ ချမ်းချမ်းသာသာနဲ့ လှုပ်ခါလှုက်ခါနဲ့ ပုံတော် သလိုနဲ့ဘဲ ကောင်းကျိုးချမ်းသာတွေ ရနေတယ်၊ အဲဒါဟာ ရှေးဘဝကပြုခဲ့တဲ့ ကုသိုလ်ကံကြောင့်ဘဲ၊ ကံကလိုက်ပြီး စောင့်ရှောက်နေတာဘဲ။

ဘုရားသခင်ကို ယုံကြည်တဲ့ လူတွေကတော့ ဘုရားသခင်က မတယ်လို့ ထင်ကြမှာဘဲ၊ အဲဒါကတော့ ယုတ္တိမရှိပါဘူး၊ ဘာကြောင့်လဲဆိုတော့ ဒီလို အကျိုးပေးကောင်းနေတဲ့ လူတွေက ဘုရားသခင်ကို မယုံကြည်တဲ့ လူတွေလဲ ရှိတာဘဲ၊ ဘုရားသခင်နဲ့ ဆန့်ကျင်ဘက် ပြုလုပ်ပြောဆိုနေတဲ့ လူတွေလဲ ရှိတာဘဲ၊ ဒီလိုလူတွေကို ဘုရားသခင်က မတယ်လို့ မဆိုနိုင်ပါဘူး၊သူ့ကိုမှ မယုံကြည် မကိုးကွယ်ဘဲနဲ့ ဘာ့ကြောင့်မမှာလဲ၊ဒါကြောင့် ဘုရားသခင်ကမလို့ ကောင်းစားချမ်းသာတယ် ဆိုတာကတော့ ယုတ္တိမရှိပါဘူး။

"ဒါဖြင့် ကံကို မယုံကြည်တဲ့ လူတွေလဲ ချမ်းသာ ကြီးပွားနေတာရှိတယ် မဟုတ်လား၊ ဒီတော့ ကံကြောင့် ချမ်းသာတယ် ဆိုတာလဲ ယုတ္တိရှိပါမလား" လို့ ဒီလိုလဲ မေးစရာရှိပါတယ်၊ ဒါကတော့ ယုတ္တိရှိပါတယ်၊ ဘာကြောင့်လဲဆိုယင် ယခုဘဝမှာကံကို မယုံကြည်ပေမယ်လို့ ရှေးဘဝက ပြုထားတဲ့ ကုသိုလ်ကုသလဲ အကျိုးပေးနိုင်ပါတယ်၊ ပြီးတော့ ကံဆိုတာက သူ့ကိုယုံသည်ဖြစ်စေ မယုံသည်ဖြစ်စေ "ကောင်းတာပြုယင် ကောင်းကျိုးပေးတာဘဲ၊ မကောင်းတာပြုယင်လဲ မကောင်းကျိုးပေးတာဘဲ၊ ဥပမာ–အေးလိမ့်မယ် သိသည်ဖြစ်စေ မသိသည်ဖြစ်စေ ရေခဲကိုကိုင်ယင်အေးမှာဘဲ၊ ပူလိမ့်မယ်လို့ သိသည်ဖြစ်စေ မသိသည်ဖြစ်စေ မီးခဲကိုင်ယင် ပူမှာဘဲ၊ အဲဒါလိုပါဘဲ၊ ကံကို ယုံသည်ဖြစ်စေ မယုံသည်ဖြစ်စေ၊ ရှေးဘဝ ရှေးကာလက ပြုထားတဲ့ကုသိုလ်ကံက မျက်နှာမရွေး ကောင်းကျိုးပေးနိုင်ပါတယ်၊ ဒါကြောင့် ကောင်းစားချမ်းသာမှု ဟူသမျှဟာ ကုသိုလ်ကံကြောင့်ဖြစ်တယ်" ဆိုတာကတော့ ယုတ္တိရှိပါတယ်။

အထူးအားဖြင့်တော့ မိမိတို့စိတ်ကို သဒ္ဓါတရားနဲ့ ထုံထားယင် သီလနဲ့၊ သုတနဲ့၊ စာဂနဲ့၊ ပညာနဲ့ ထုံထားယင်၊ အဲဒီလို သဒ္ဓါ သီလ သုတ စာဂ ပညာဆိုတဲ့ သူတော်ကောင်း တရားငါးပါးနဲ့ ထုံထားတဲ့ စိတ်ကလေးဟာ တဆင့်ထက် တဆင့်မြင့်တက်သွားပါတယ်–တဲ့၊ ဒါကြောင့်–

ယဿ ကဿစိ မဟာနာမ ဒီဃရတ္တံ သဒ္ဓါ ပရိဘာ
ဝိတံ စိတ္တံ၊ သီလ ပရိဘာဝိတံ စိတ္တံ၊ သုတ ပရိဘာ
ဝိတံ စိတ္တံ၊ စာဂ ပရိဘာဝိတံ စိတ္တံ၊ ပညာ ပရိဘာ
ဝိတံ စိတ္တံ၊ ပ၊ တံ ဥဒ္ဓံ ဂါမိ ဟောတိ ဝိသေသဂါမိ။

လို့ မြတ်စွာဘုရားက ဟောတော်မူပါတယ်၊ အဲဒီလိုဟောတော်မူရခြင်း၏ အကြောင်းကတော့–

## မဟာနာမ်မင်းက လျှောက်ပုံ

တခါတပါးမှာ မဟာနာမ်မင်းက မြတ်စွာဘုရားကို ဒီလိုလျှောက်ထားတယ်။

မြတ်စွာဘုရားတဲ့၊ တပည့်တော်ဟာ မြတ်စွာဘုရားကျောင်းတော်ကို လာရောက်ပြီးတော့ မြတ်စွာဘုရားကို ဖူးမြော်ကန်တော့လို့ အရှင်သာရိပုတြာ အစရှိတဲ့ ရဟန္တာ မထေရ်မြတ်တွေကို ဖူးမြော်ကန်တော့လို့ တရားများကိုလဲ နာကြားပြီးတော့ ညနေချမ်းအချိန် ကျောင်းတော်က ပြန်သွားတဲ့အခါ ကပိလဝတ်မြို့တော် အဝင်ဝ တံခါးပေါက်ကျတော့ တခါတရံ ဆင်ကြမ်း မြင်းကြမ်း ရထားကြမ်းတွေနဲ့ တွေ့ရပါတယ် ဘုရားတဲ့၊ (ဟုတ်မယ်၊ ဟိုတုန်းက မြို့တော်တံခါးပေါက်ဆိုတာလဲ ကျယ်ကျယ်ဝန်းဝန်းရှိချင်မှရှိမယ်၊ အဲဒီခေတ်တုန်းက အထက်တန်းစားပုဂ္ဂိုလ်တွေ အများသုံးစွဲနေတဲ့ ယာဉ်တွေဆိုတာက ဆင်တို့ မြင်းတို့ မြင်းရထားတို့ ဒီလိုဟာတွေဘဲ ရှိတယ်၊ အဲဒီ ဆင်တို့ မြင်းတို့ မြင်းရထားတို့ ဆိုတာတွေကလဲ တခါတရံ လန့်ပြီး အတင်းပြေးတတ်တာတွေဘဲ၊ ယခုကာလ သက်မဲ့ မော်တော်ကားတွေလဲ စက်နေရာမကျယင် ဒီလို မဟုတ်ရာကို အရမ်းလိမ့်ပြေးတတ်တာပါပဲ၊ ဒါလဲ ကြောက်စရာ ကောင်းတာပါဘဲ၊ မဟာနာမ်မင်းက ဆက်ပြီးလျှောက်ပြန်ပါတယ်) အဲဒီ ဆင်ကြမ်း မြင်းကြမ်း

ရထားကြမ်းတွေက အတင်းလန့်ပြီးတော့ ပြေးလာကြပါတယ်၊ တိုက်သွားတော့မှာလား နင်းသွားတော့မှာလားလို့ ထင်ရပါတယ်တဲ့၊ အဲဒီလိုအခါမှာ ကြောက်လန့်နေတာနဲ့ ဘုရားကိုလဲ အာရုံမပြုနိုင်ပါဘူးတဲ့၊ တရားသံဃာကိုလဲ အာရုံမပြုနိုင်ပါဘူးတဲ့၊ ဒါကြောင့် အဲဒီလိုအချိန်မျိုး သေသွားယင် ငါဟာဘာဖြစ်သွားမလဲ၊ ဘယ်လိုဂတိမျိုး ရောက်သွားမလဲလို့ ဒီလိုအောက်မေ့မိပါတယ်ဘုရားတဲ့၊ ဒီလို မဟာနာမ်မင်းက မြတ်စွာဘုရားကို လျှောက်ထားတယ်။

မဟာနာမ်မင်းဆိုတာ သာမန်ပုဂ္ဂိုလ်မဟုတ်ဘူး၊ သကဒါဂါမ်ပုဂ္ဂိုလ်ဘဲ၊ ဒါပေမယ့် နောက်ဘဝလားရောက်ရမယ့် ဂတိဆိုတာကတော့ အဘိညာဉ်ဉာဏ်ထူးကို ရတဲ့ပုဂ္ဂိုလ်မှ သိနိုင်တယ်၊ အဘိညာဉ် ဉာဏ်မထူးမရှိလျှင် အရိယာ ပုဂ္ဂိုလ်ပေမယ့် အတပ်မသိနိုင်ဘူး၊ အဲဒါကို မဟာနာမ်မင်း လျှောက်ထားတဲ့ ဒီစကားကို ထောက်ဆပြီး ထင်ရှားသိနိုင်ပါတယ်၊ သောတာပန် သကဒါမ်တွေ ရထားတဲ့ မဂ်ဖိုလ်ဉာဏ် ဆိုတာကတော့ သစ္စာ ၄-ပါး တရားလောက်သာ သိနိုင်တယ်၊ နောင်ဘဝ ဘယ်မှာဖြစ်မယ်ဆိုတာကိုတော့ မသိနိုင်ဘူး၊ ဒါကြောင့် သကဒါဂါမ်ဖြစ်တဲ့ မဟာနာမ်မင်းက ဆင်ကြမ်း မြင်းကြမ်း ရထားကြမ်းတွေနဲ့ တိုက်ပြီးသေသွားယင် ဘာဖြစ်သွားမလဲ၊ ဘယ်ဘဝ ဘယ်ဂတိ ရောက်သွားမလဲ မသိဘူးလို့ သူဆင်ခြင်မိတဲ့ အကြောင်းကို လျှောက်ထားတာဘဲ၊ အဲဒီတော့ မြတ်စွာဘုရားက–

## မြတ်စွာဘုရားက အားပေးပုံ

မာဘာယိ မဟာနာမ၊ မာဘာယိ မဟာနာမ။ ။မဟာနာမ၊ မဟာနာမ်မင်း။ တွံ၊ သင်သည်။ မာဘာယိ၊ မစိုးရိမ်ပါလင့်။ မာဘာယိ၊ မစိုးရိမ်ပါလင့်။ ။မဟာနာမ်မင်း၊ သင့်မှာ ဘာမှ စိုးရိမ်စရာမရှိပါဘူး၊ လားရမည့် ဘဝဂတိနဲ့စပ်ပြီး စိုးရိမ်မနေပါနှင့်တော့လို့ ဒီလို မြတ်စွာဘုရားက အားပေးတော်မူပါတယ်။

အပါပကံ တေ မရဏံ ဘဝိဿတိ၊ အပါပိကာ တေကာလံ ကိရိယာ။

တေ၊ သင်အား။ အပါပကံ မရဏံ၊ မယုတ်ညံ့သော သေရခြင်းသည်။ ဘဝိဿတိ၊ ဖြစ်ပါလိမ့်မည်။ အပါပိကာ၊ မယုတ်ညံ့သော၊ ကာလံကိရိယာ၊ သေရာကာလကို ပြုရခြင်းသည်။ ဘဝိဿတိ၊ ဖြစ်ပါလိမ့်မည်။ သင့်မှာ ယုတ်ညံ့သော သေခြင်းမဖြစ်ပါဘူး၊ ကောင်းမြတ်သော သေခြင်းသာ ဖြစ်ပါလိမ့်မယ်တဲ့၊ ဘာကြောင့်လဲဆိုယင်–

မဟာနာမ၊ မဟာနာမ်မင်း။ ယဿ ကဿစိ၊ အမှတ်မရှိ တစုံတယောက်သော သူအား။ ဝါ၊ တစုံတယောက်သောသူသည်။ စိတ္တံ၊ မိမိ၏စိတ်ကို၊ ဒီဃရတ္တံ၊ ရှည်မြင့်စွာသော ကာလပက်လုံး။ သဒ္ဓါပရိဘာဝိတ္တံ၊ ယုံကြည်မှု သဒ္ဓါတရားဖြင့် ယုံစေအပ်သည်။ ဟောတိ၊ ဖြစ်၏။

တစုံတယောက်သောသူ ဆိုတာ မည်သူ မည်ဝါရယ်လို့ အကန့်အသတ်မရှိဘူး၊ လူကြီးဘဲ ဖြစ်ဖြစ်၊ လူငယ်ဘဲဖြစ်ဖြစ်၊ ယောကျ်ားဘဲဖြစ်ဖြစ်၊ မိန်းမဘဲဖြစ်ဖြစ်၊ လူဘဲဖြစ်ဖြစ် ရဟန်းဘဲဖြစ်ဖြစ် တယောက်ယောက် တဦးဦးလို့ ဆိုလိုတယ်၊ အဲဒီ တစုံတယောက်သောသူဟာ မိမိစိတ်ကို သဒ္ဓါတရားနဲ့ ရှည်မြင့်စွာသော ကာလပတ်လုံး ထုံထားလို့ရှိယင်တဲ့ ထုံထားတယ်ဆိုတာက ပုဝါကလေးများ အဝတ်အထည် ကလေးများကို ပန်းတွေနဲ့ ရောထားယင် အဲဒီပုဝါ အဝတ်အထည် ကလေးတွေမှာ ပန်းနံ့တွေ မွှေးကြိုင်လို့ အထုံရနေတယ်၊ သေတ္တာထဲ ရေမွှေးတို့ ပရုပ်လုံးတို့နဲ့ ရောထားယင်လဲ အဲဒီ သေတ္တာထဲက အဝတ်တွေဟာ ရေမွှေးနံ့ ပရုပ်လုံးနံ့တွေနဲ့ စွဲပြီး အထုံရနေတယ်၊ အဲဒါလိုဘဲ သဒ္ဓါတရားနဲ့ ပူးပေါင်း ရောနှောပြီး ဖြစ်နေတဲ့ စိတ်ကလေးဟာလဲ သဒ္ဓါတည်းဟူသော ပန်းနံ့ ရေမွှေးနံ့တွေနဲ့ အထုံရ နေတယ်၊ စိတ်ထဲမှာ သဒ္ဓါဓါတ်တွေ ဝင်ရောက်ပြီးနေတယ်၊ ယုံကြည်စိန် ကြည်ညိုစိတ်တွေ ဖြစ်နေတယ်၊ အဲဒါကို ထုံထားတယ်လို့ ဆိုတာပါဘဲ။

သဒ္ဓါတရားဆိုတာ ယုံကြည်မှုပါဘဲ၊ သို့ပေမယ့် တွေ့ကရာလျှောက်ပြီး ယုံကြည်တာကိုတော့ သဒ္ဓါတရားလို့ မဆိုရဘူး၊ ယုံကြည်သင့်တာကို ယုံကြည်မှ သဒ္ဓါတရားလို့ ဆိုရတယ်၊ ဘုရားစစ် ဘုရားမှန် တရားစစ် တရားမှန် သံဃာစစ် သံဃာမှန်ကို ယုံကြည်တာရယ်၊ ကံနှင့် ကံ၏အကျိုးကို ယုံကြည်တာရယ်၊ အဲဒါတွေကို သဒ္ဓါတရားလို့ခေါ်တယ်၊ အဲဒီ သဒ္ဓါတရားနဲ့ မိမိစိတ်ကို ရှည်မြင့်စွာသော ကာလပတ်လုံး ထုံထားတယ်တဲ့၊ ရှည်မြင့်စွာလို့ ဆိုတာကတော့ ကြာကြာထုံထားယင် ကောင်းလို့ ပြောတာပါဘဲ၊ အရိယမဂ်ဖိုလ် တရာထူး တရားမြတ်တွေထဲမှာပါတဲ့ သဒ္ဓါတရားနဲ့ ထုံယင်တော့ တခဏကလေး ထုံရုံနဲ့လဲ လုံလောက်ပါတယ်၊ သေခါနီးမှာ ကပ်ပြီးတော့ မဂ်ဖိုလ်ကို ရောက်လို့ တခဏကလေး တခါတည်း ထုံသွားလို့ရှိယင်ကို လုံလောက်ပါတယ်၊ သို့ပေမယ့် ကြာရှည် ထုံတာကတော့ပိုပြီး ကောင်းတာပေါ့၊ ဒါကြောင့် ရှည်မြင့်စွာသော ကာလပတ်လုံး ထုံးထားတယ်လို့ ဆိုတာပါဘဲ။

စိတ္တံ၊ မိမိစိတ်ကို၊ ဒီဃရတ္တံ၊ ရှည်မြင့်စွာသော ကာလပတ်လုံး၊ သီလပရိဘာဝိတံ၊ သီလဖြင့် ထုံထားအပ်သည်ဖြစ်အံ့။ ရှည်မြင့်စွာသော ကာလပတ်လုံး သီလစောင့်ထိန်းပြီး ကျင့်သုံးနေတာကို ဆိုတာပါဘဲ၊ သုတပရိဘာဝိတံ၊ အကြားအမြင်နှင့်

ထုံထားအပ်သည် ဖြစ်အံ့။ စာဂပရိဘာဝိတံ၊ စွန့်ကြဲပေးလှူမှုနှင့် ထုံထားအပ်သည် ဖြစ်အံ့။ ပညာပရိဘာဝံသ၊ အသိဉာဏ်ပညာဖြင့် ထုံထားအပ်သည် ဖြစ်အံ့။

အဲဒီလို သဒ္ဓါ သီလ သုတ စာဂ ပညာဆိုတဲ့ သူတော်ကောင်းတရား ငါးပါးနဲ့ မိမိစိတ်ကို ရှည်မြင့်စွာ ထုံထားလို့ရှိယင် အဲဒီစိတ်ကလေးဟာ ဘယ်လိုဖြစ်မလဲလို့ ဆိုတော့–

တံ စိတ္တံ၊ သဒ္ဓါ သီလ သုတ စာဂ ပညာတို့ဖြင့် ရှည်မြင့်စွာ ထုံထားအပ်သော ထိုစိတ်သည်။ ဥဒ္ဓံဂါမိ၊ မြင့်မြတ်ရာအထက်သို့တက်သွားသည်။ ဝိသေသဂါမိ၊ ထူးမြတ်ရာသို့ ရောက်သည်။ ဟောတိ၊ ဖြစ်ပါတယ်–တဲ့။

ဒီနေရာမှာ ကြာမြင့်စွာ ထုံထားတယ်ဆိုတာလဲ ဒီစိတ်ပဲ၊ ထူးခြားမြင့်မြတ်ရာ ရောက်သွားတယ်ဆိုတာလဲ ဒီစိတ်ပဲ၊ ဒီစိတ်ကလေး တခုတည်း မပျက်ဘဲ တည်နေတယ်လို့ ဒီလိုတော့ မယူရဘူး၊ အမှန်အားဖြင့်တော့ ဒီစိတ်ကလေး ဆိုတာဟာ တစိတ်ပြီးတစိတ် မပြတ်ဖြစ်ပျက်နေတာပါပဲ၊ တခုတည်း တည်နေတာတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ပုဂ္ဂိုလ်တဦးတည်း သန္တာန်မှာ ရှေးစိတ်နဲ့ နောက်စိတ်ဆိုတာက ရှေးစိတ်ရယ် နောက်စိတ်ရယ်လို့သာ ခေါ်ရတယ်၊ ဖြစ်ပုံချင်းကတော့ တူနေပါတယ်၊ တစိတ်တည်းလိုဘဲ ဖြစ်နေပါတယ်၊ ထူးခြားခြင်း မရှိဘူး၊ ရှေးစိတ်က ပျောက်သွားယင် နောက်စိတ်ကလဲ အလားတူဘဲ ဖြစ်ပေါ်လာတယ်၊ ဘာနဲ့တူနေသလဲဆိုတော့ မပြတ်စီးနေတဲ့ မြစ်ရေယဉ်များနဲ့ တူတယ်၊ မြစ်ရေတွေဟာ တနေရာရာကို ရောက်လာပြီးယင် အောက်ကိုစီးဆင်းသွားကြတာဘဲ၊ အဲဒီနေရာကို အထက်ကရေသစ်တွေက ရောက်လာကြပြန်တယ်၊ အပြတ်အခြားလဲ မရှိဘူး၊ ရေဟောင်းနဲ့ ရေသစ်ကလဲ မကွဲပြားဘူး၊ တူနေတယ်၊ ဒါကြောင့်သာမန် အနေအားဖြင့်ဆိုယင် ဒီရေတွေဘဲ အမြဲ တည်နေသလိုထင်ရတယ်။

အဲဒါလိုပါဘဲ သဒ္ဓါတရားနဲ့ ထုံထားတဲ့စိတ်ဟာ ရှေးရှေးစိတ်က ပျောက်သွားပေမယ့် နောက်နောက်စိတ်ကလဲ ရှေးရှေးစိတ်လို သဒ္ဓါတရားနဲ့ ထုံလျက်ပဲ အလားတူဖြစ်နေတယ်၊ သီလနဲ့ ထုံထားတဲ့စိတ် သုတ စာဂ ပညာနဲ့ ထုံထားတဲ့စိတ်တွေလဲ ရှေးရှေးစိတ်များနဲ့ အလားတူဘဲ နောက်နောက်စိတ်တွေ ဖြစ်နေတယ်၊ ဒါကြောင့် အဲဒီ သဒ္ဓါ သီလ သုတ စာဂ ပညာနဲ့ ထုံထားတဲ့စိတ်ဟာ မြင့်မြတ်ရာသို့ တက်သွားတယ်လို့ ဆိုထားပါတယ်။

ဘဝဂတိ အနေအထားဖြင့် ယုတ်ညံ့တဲ့ဘဝ ယုတ်ညံ့တဲ့ဂတိမှာ မဖြစ်တော့ဘူး၊ မြင့်မြတ်တဲ့ဘဝ မြင့်မြတ်တဲ့ ဂတိမှာသာဖြစ်သွားတော့တယ်၊ ဉာဏ်အဆင့်အနေအားဖြင့် ဆိုယင်လဲမူလရှိပြီးအဆင့်ထက် လျော့မသွားတော့ဘူး၊ တိုးတက်ပြီးတော့သာသွားတော့တယ်၊ မူလက ရရှိထားပြီး အသိဉာဏ်မှ တဆင့်ထက် တဆင့် မြင့်မြင့်ပြီးတော့ အရဟတ္တမဂ်ဉာဏ် အရဟတ္တဖိုလ်ဉာဏ်တိုင်အောင် တိုးတက်သွားနိုင်ပါတယ်တဲ့၊ ဒါကြောင့် စိုးရိမ်စရာ မရှိပါဘူးလို့ မဟာနာမ်မင်းကို မြတ်စွာဘုရားက အားပေးတရား ဟောတော်မူပါတယ်။

## ဒကာမကြီး ဒေါ်သဲ၏ ဂုဏ်တွေ

အဲဒါလိုဘဲ ယခု ကွယ်လွန်သွားတဲ့ ဒကာမကြီး ဒေါ်သဲမှာလဲ အသက်က ၈၆–နှစ်ဆိုတော့ သဒ္ဓါ သီလ စသည်နဲ့ သူ့စိတ်ကို ထုံသွားတာ ကြာလှပါပြီ၊ ဒီဃရတ္တံ–ရှည်မြင့်စွာသော ကာလပတ်လုံးလို့ ဆိုတဲ့အတိုင်း ရှည်မြင့်လှပါပြီ၊ ဒီဒကာမကြီး ဒေါ်သဲဟာ မိကောင်း ဘကောင်း ဆရာသမားကောင်းတွေကို မှီဝဲဆည်းကပ်ရတဲ့အတွက် ငယ်ငယ်ကတည်းက စပြီးတော့ ဘုရား တရား သံဃာ ရတနာ ၃–ပါးကို ကိုးကွယ် ဆည်းကပ်လာခဲ့တာဘဲ၊ အသက် ၈၆–နှစ်ထဲမှာ မသိတတ်တဲ့ ကလေးအရွယ် ၅–နှစ်လောက် နှုတ်လိုက်ပါ၊ သည်တော့ အနှစ် ၈၀–ကျော် ကျန်နေသေးတာဘဲ၊ ယခုခေတ်မှာ ၅–နှစ်လောက်ဆိုယင် တော်တော်တောင် သိတတ်နေပါပြီ၊ ဒါပေမယ့် အဲဒီ ၅–နှစ်လောက် နှုတ်လိုက်တောင်မှ ၈၁–နှစ် ကျန်ရှိနေသေးတာဘဲ၊ ကြာလှပါပြီ။

အဲဒီ ၅–နှစ်အရွယ်လောက်က စပြီးတော့ ဒီဒကာမကြီးမှာ ဘုရား တရား သံဃာ ရတနာမြတ် ၃–ပါးနဲ့ စပ်ပြီးတော့ သဒ္ဓါတရားတွေ ဖြစ်လာခဲ့ရတယ်၊ မြတ်စွာဘုရားဟာ လောဘကင်းတော်မူတယ်၊ ဒေါသကင်းတော်မူတယ်၊ မောဟကင်းတော်မူတယ်၊ တရားအလုံးစုံကို သိတော်မူတယ် စသည်ဖြင့် ဘုရားဂုဏ်တော်တွေကို ကြားရ သိရပြီးတော့ ကြည်ညိုတဲ့ သဒ္ဓါတရားတွေ ပွားလာခဲ့တယ်၊ ပြီးတော့ မြတ်စွာဘုရား ဟောထားတဲ့ တရားတော်တွေကို ကြားရသိရပြီးတော့ အဲဒီ တရားတော်တွေကို ကြည်ညိုတဲ့ သဒ္ဓါတရားတွေပွားလာခဲ့တယ်၊ ပြီးတော့ အဲဒီ တရားတော်အရ ကောင်းမွန်စွာကျင့်ကြံနေတဲ့ သံဃာတော်၏ သုပ္ပဋိပန္န အစရှိသော ဂုဏ်တော်တွေကို ကြားရသိရပြီးတော့ သံဃာတော်ကို ကြည်ညိုတဲ့ သဒ္ဓါတရားတွေ ပွားလာခဲ့တယ်၊ ပြီးတော့ကုသိုလ် ကောင်းမှုပြုယင်း ကုသိုလ်ရတယ်၊ ကောင်းကျိုးရတယ်လို့ ဒီလို ကံနဲ့ကံ၏အကျိုးကို ယုံကြည်တဲ့ သဒ္ဓါတရားတွေ ပွားလာခဲ့တယ်။

အဲဒီ သဒ္ဓါတရားတွေနဲ့ သူ့စိတ်ကလေးဟာ ထုံပြီးနေလို့ ဒီဒကာမကြီးဟာ အမြဲမပြတ် ဘုရားကို အားရုံပြုနိုင်တယ်၊ ဘုရားရှိခိုးနိုင်တယ်၊ တရားနာနိုင်တယ်၊ သံဃာတော်တွေကို ရှိခိုးပူဇော်နိုင်တယ်၊ အလှူဒါတွေကို ပြုလုပ်နိုင်တယ်၊ ကုသိုလ်ကောင်းမှုတွေကို ပြုနိုင်တယ်၊ ငါးပါးသီလ ရှစ်ပါးသီလ စောင့်ထိန်းနိုင်တယ်၊ ကမ္မဋ္ဌာန်းဘာဝနာ တရားကို ပွားများအားထုတ်နိုင်တယ်၊ သာသနာ့ရိပ်သာမှာ တရားအားထုတ်တာ ဘယ်လောက်ကြာသွားပြီတုံး (ရှစ်နှစ်ရှိပါပြီဘုရား) အဲ ရှစ်နှစ်တောင်ကြာသွားပြီ၊ တရားအားထုတ်လာတာက ရှစ်နှစ်ဆိုတော့ ဘာဝနာနဲ့ ထုံလာတာတောင် အတော်ကြာသွားပြီ။

ဒီဒကာမကြီး ဒေါ်သဲဟာ တရားအားမထုတ်မီကတည်းက အနှစ်ပေါင်း (၇၀) ကျော် ကာလပတ်လုံး ကုသိုလ်ကောင်းမှုတွေကို ပြုပြီး သဒ္ဓါတရားတွေနဲ့ ထုံလာလိုက်တာ နဲတာမဟုတ်ဘူး၊ ဒါန သီလ အစရှိသော ကုသိုလ်တွေဟာ အများကြီးဘဲ ပြည့်စုံလာခဲ့ပါတယ်၊သဒ္ဓါ အစရှိသော သူတော်ကောင်းတရားတွေလဲ အများကြီးဘဲ ပြည့်စုံလာခဲ့ပါတယ်။

အဲဒီလို တရားအားမထုတ်မီ ကတည်းက ပြည့်စုံလာခဲ့တဲ့ သဒ္ဓါ သီလ အစရှိသော သူတော်ကောင်း တရားတွေဟာ တရား အားထုတ်လိုက်တဲ့အခါကျတော့ ပိုပြီးတော့ ခိုင်မြဲ ပြည့်စုံသွားတယ်၊ သဒ္ဓါတရားဆိုယင် တရားအားမထုတ်မီကတော့ မိဘတွေ ဆရာသမားတွေ ပြောလို့ ယုံကြည်နေရုံမျှဘဲ ရှိသေးတယ်။ တရားအားထုတ်လိုက်တဲ့ အခါကျတော့ ကိုယ်တိုင်တွေ့ ကိုယ်တိုင်သိကလေးတွေပါ ပြည့်စုံလာတယ်၊ ဒါကြောင့် မယုံစရာကို မရှိတော့ဘူး၊ ရုပ်တရားနဲ့ နာမ်တရားမျှ ရှိတယ်ဆိုတာကိုလဲ ကိုယ်တိုင်တွေ့ရတယ်၊ ရုပ်နာမ်တွေ ခဏမစဲ ဖြစ်ပျက်နေတယ် ဆိုတာကိုလဲ တွေ့ရတယ်၊ အနိစ္စ ဒုက္ခ အနတ္တသဘောတွေကိုလဲ ကိုယ်တိုင်တွေ့ရတယ်၊ ရုပ်နာမ် သင်္ခါရ ဒုက္ခငြိမ်းတဲ့ နိဗ္ဗာန် ဆိုတာကိုလဲ ကိုယ်တိုင် တွေ့နိုင်တယ်။

အဲဒီတော့ ဒါတွေဟာ သူကိုယ်တိုင် တွေ့သွားတဲ့ တရားတွေဘဲ၊ အဲဒီလို ကိုယ်တိုင် တွေ့သွားတော့ မူလကတည်းက ယုံကြည်လာခဲ့တဲ့ သဒ္ဓါတရားဟာ မပျက်နိုင်တော့ဘူး၊ ခိုင်မြဲ သွားတယ်၊ ဒါကြောင့် ဒီဒကာမကြီး ဒေါ်သဲဟာ မပျက်နိုင်တဲ့ သဒ္ဓါတရားနဲ့လဲ သူ့စိတ်ကို ထုံပြီးသွားတယ်။

သီလကလဲ သူ့မှာ စောစောကတည်းက စောင့်ထိန်းနေတာဘဲ၊ တရားအားထုတ်ပြီးတဲ့ နောက်မှာတော့ ခိုင်မြဲပြီး အထူးစင်ကြယ်တဲ့ သီလတွေနဲ့ ပြည့်စုံသွားတာပေ့ါ၊ ဒါကြောင့် အဲဒီအထူးစင်ကြယ်ခိုင်မြဲတဲ့ သီလနဲ့လဲ သူ့စိတ်ကို ထုံသွားတယ်။

သုတ–အကြား အမြင် ဆိုတာလဲ စောစောကတည်းက ဆရာသမားတွေ ပြောဟောတဲ့ တရားတွေကို ကြားနာပြီး မှတ်သားထားတာတွေ ရှိခဲ့တယ်၊ အဲဒါတွေက ကိုယ်တိုင်မတွေ့ရသေးဘူး၊ ကြားရုံသာ ကြားထားရကာမျှ ရှိသေးတယ်၊ ဒါကြောင့် အကြားလို့ ခေါ်ရတယ်၊ တရားအားထုတ်တဲ့အခါကျတော့ ရုပ်နာမ် အနိစ္စ ဒုက္ခ အနတ္တ စသည်ကို သိသင့်သိထိုက်သလောက် ပါရမီဉာဏအားလျော်စွာ ကိုယ်တိုင်တွေ့သိရတယ်၊ အဲဒါတွေကိုတော့ အမြင်လို့ခေါ်တယ်၊ ဒီတော့ ဒီဒကာမကြီးမှာ အကြားရော အမြင်ရော ဒီအကြားအမြင် ၂–ပါးလုံးနဲ့ သူ့စိတ်ကို ထုံသွားတယ်။

စာဂ–စွန့်ကြဲပေးကမ်း လှူဒါန်မှု ဆိုတာကတော့ အများက မြင်သိ နေကြတဲ့အတိုင်းဘဲ အများကြီး ပြည့်စုံပါတယ်၊ ရဟန်းသံဃာတော်တွေနဲ့ စပ်ပြီးတော့လဲ လှူဒါန်းရ မိတ်ဆွေသင်္ဂဟတွေနဲ့ စပ်ပြီးတော့လဲ လှူဒါန်းရ ဒါတွေကတော့ အများကြီးဘဲ ဆိုတာ ထင်ရှားနေပါပြီ။

ပညာဆိုတာကတော့ မြတ်စွာဘုရား၏ တရာတော်တွေကို ကြားနာပြီး သိရတဲ့ ပညာလဲ ရှိတယ်၊ တရားအားထုတ်လို့ ကိုယ်တိုင်တွေ့ပြီး သိရတဲ့ ဝိပဿနာပညာလဲ ရှိတယ်၊ ခုနကပြောခဲ့တဲ့အတိုင်း ဒီဒကာမကြီး ဒေါ်သဲဟာ အဲဒီပညာ နှစ်မျိုးလုံးနဲ့ သူ့စိတ်ကလေးကို ထုံသွားတယ်။

အဲဒီလို သဒ္ဓါ သီလ သုတ စာဂ ပညာတွေနဲ့ စိတ်ကို ထုံထားယင် ရုပ်ကိုယ်ကြီးက ဘယ်လိုဘဲ ဖြစ်သွားပေမယ့် အဲဒီစိတ်ကတော့ အခြေမပျက်ပါဘူးတဲ့၊ ရုပ်ကိုယ်ကြီးဆိုတာကတော့ ကောင်းမြဲ ကောင်းနေအောင် မပျက်စီးအောင် ဘယ်လိုနည်းနဲ့မှ မတတ်နိုင်ဘူး၊ ဘယ်လိုဘဲ ပြုပြင်စောင့်ရှောက်နေပေမယ့်လို့ ရုပ်ကိုယ်ကြီးကတော့ အိုချိန်ကျယင် အိုမင်းဆွေးမြည့်သွားမှာဘဲ၊ နာချိန်ကျယင်လဲ နာမှာဘဲ၊ နောက်ဆုံးတနေ့ကျတော့ လုံးလုံးပျက်စီးပြီး သေရမှာဘဲ၊ သေပြီးတဲ့ နောက်ကျယင်ရေးက ဘယ်လိုစောင့်ရှောက် ပြုပြင်ထားပေမယ့် ဘာမှအသုံးမကျတော့ဘူး၊ ဘာမှ အနှစ်အသားရယ်လို့ မရနိုင်တော့ဘူး၊ စွန့်ပစ်လိုက်ကြရမှာချည်းဘဲ၊ သို့သော် ခုနကပြောခဲ့တဲ့ အတိုင်း သဒ္ဓါ သီလ စသည်နှင့် ထုံထားတဲ့ စိတ်ကလေးကတော့ ဒီဘဝက ခန္ဓာကိုယ် ပျက်စီးလို့ သေသွားပေမယ့် လုံးလုံးပျက်စီးမသွားဘူး၊ သူ့အစွမ်းသတ္တိက လုံးလုံးပျက်မသွားဘူး၊ နောက်ဘဝမှာ ပဋိသန္ဓေကစပြီး စိတ်အသစ်ဖြစ်လာတဲ့အခါ ရှေးဘဝက သဒ္ဓါ စသည်နဲ့ ထုံလာခဲ့တဲ့ အစွမ်းသတ္တိကြောင့် ရှေးဘဝက စိတ်ထက်မညံ့ဘူး၊ တိုးတက်မြင့်မြတ်တဲ့စိတ် အထက်တန်းကျတဲ့ စိတ်သာ ဖြစ်သွားတယ်၊ ပဋိသန္ဓေကတည်းက ယခုဘဝမှာလိုဘဲ အလောဘ အဒေါသ အမောဟဆိုတဲ့ ဟိတ်သုံးပါးနဲ့ယှဉ်ပြီး တိဟိတ် ပဋိသန္ဓေ ဖြစ်လာတယ်၊ ဒါပေမယ့် ထူးခြားတာကတော့ သဒ္ဓါ သီလ အစရှိသော သူတော်ကောင်း တရားတွေနဲ့ ထုံလာတဲ့ စိတ်ကလေးမှ ဆင်းသက်လာတဲ့အတွက် အဲဒီ

ပဋိသန္ဓေစိတ်ကစပြီး စိတ်ဓါတ်တွေဟာ အထူးသဖြင့် သန့်ရှင်း စင်ကြယ် နေတယ်။ အထူးသဖြင့် ထက်မြက် ကောင်းမြတ်နေတယ်၊ ဒါကြောင့် အဲဒီဖြစ်ရာဘဝမှာ တရားနှလုံးသွင်း အားထုတ် လိုက်ယင်မပင်မပမ်း ချမ်းသာလွယ်ကူစွာနှင့် တဆင့်ထက်တဆင့် မြင့်တက်သွားဘို့ဘဲ ရှိပါတယ်–တဲ့။

ဒါကြောင့် ယခုကွယ်လွန်သွားတဲ့ ဒကာမကြီး ဒေါ်သဲအတွက် အားရဝမ်းမြောက်စရာ အချက်တွေကတော့ အိုခြင်း နာခြင်း တရားတွေကို မလွန်ဆန်နိုင်လို့ ဘဝတပါးပြောင်းသွားရသော်လဲ အိုခြင်း နာခြင်း သေခြင်းသဘောရှိတဲ့ ဒီခန္ဓာကိုယ်ထဲက အားကိုးအားထားရာ အမြင့်အမြတ်တရားတွေကို ဆည်းပူးပွားများပြီး သွားတာဘဲလို့ ဒါတွေကို စဉ်းစားကြည့်လိုက်ယင်တော့ အားရစရာ ဝမ်းမြောက်စရာချည်းပါဘဲ။

ဒါပေမယ့် သားသမီးဖြစ်တဲ့သူတွေက ကွယ်လွန်သူ မိခင်ကြီးအတွက် ရည်စူးပြီးတော့ ကုသိုလ်ကောင်းမှုတွေ ပြုပြီး အမျှပေးဝေကြတယ် ဆိုတာကတော့ မိမိတို့၏ တာဝန် ဝတ္တရားအတိုင်း မချွတ်ယွင်းရအောင် ပြုရတာပေါ့၊ မိဘများဟာ သားသမီးများရဲ့ ကိုးကွယ်ရာ ဗြဟ္မာကြီးနဲ့ တူတယ်၊ မိဘများနဲ့ အတူနေရတဲ့ သားသမီးများဟာ ဗြဟ္မာကြီးနဲ့ အတူနေရသလိုပါဘဲတဲ့။

## ဗြဟ္မာနှင့်တူသည်

ဗြဟ္မာတိ မာတိပိတရော၊ ပုဗ္ဗာစရိယာတိ ဝုစ္စရေ–တဲ့။

မာတာပိတရော၊ မိခင်ဘခင်တို့ကို။ ဗြဟ္မာတိ၊ ဗြဟ္မာဟူ၍၎င်း။ ပုဗ္ဗာစရိယာတိ၊ လက်ဦးဆရာဟူ၍၎င်း။ ဝုစ္စရေ၊ ခေါ်ဆိုအပ်ကုန်၏–တဲ့။

မိဘဟာ ဗြဟ္မာနှင့်တူတယ်၊ တူပုံကတော့–ဗြဟ္မာများဟာ ရှေးဘဝကတည်းက မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာ ဆိုတဲ့ ဗြဟ္မဝိဟာရ တရားတွေကို ပွားများလာခဲ့တယ်၊ ဗြဟ္မာဖြစ်နေကြတဲ့အခါမှာလဲ သူတို့မှာ ဒေါသမရှိဘူး၊ သတ္တဝါများအား ချမ်းသာကြပါစေလို့ မေတ္တာတရားကို ပွားများနေကြတယ်၊ သနားစရာကောင်းတဲ့ သတ္တဝါတွေကို အာရုံပြုပြီးတော့ သနားခြင်း ကရုဏာတရားကို ပွားများနေကြတယ်၊ ကြီးပွားချမ်းသာနေတဲ့ သတ္တဝါတွေကို အာရုံပြုပြီးတော့ ကြီးပွားချမ်းသာမြဲကြီးပွားချမ်းသာနေကြပါစေလို့ ဝမ်းမြောက် ကြည်ဖြူခြင်း မုဒိတာတရားကို ပွားများနေကြတယ်၊ သူတပါးကို မနာလိုခြင်း မရှိကြဘူး၊ ပြီးတော့ အားလုံးသော သတ္တဝါတွေနှင့် စပ်ပြီးတော့ ညီတူညီမျှ ရှုတဲ့ ဥပေက္ခာကိုလဲ ပွားများနေကြတယ်၊ ဘယ်သူက သာပါစေ ဘယ်သူတော့ နာပါစေလို့ ဒီလိုခွဲခြားတဲ့ စိတ်ထားမျိုး မရှိကြဘူး၊ သာတူညီမျှ နှလုံးသွင်းနေကြတယ်၊ အဲဒီလို မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာဆိုတဲ့ ဗြဟ္မဝိဟာရတရား လေးပါးနှင့် ပြည့်စုံနေကြတဲ့အတွက် သူတို့ကို ဗြဟ္မာလို့ ခေါ်ရတယ်။

မိဘတွေကလဲ ဒီလိုပါဘဲ သားသမီးတွေအပေါ်မှာ အဲဒီဗြဟ္မဝိဟာရ တရားတွေကို ပွားများနေကြပါတယ်၊ ဒီလိုပွားများနေကြတာကလဲ စာပေကျမ်းဂန်အရ ဗြဟ္မဝိဟာရ တရားတွေကို တတ်သိ နားလည်လို့လဲ မဟုတ်ပါဘူး၊ တရားအားထုတ်တဲ့အနေနဲ့ ပွားနေကြတာလဲ မဟုတ်ပါဘူး၊ လောကဓမ္မတာအတိုင်း သူ့အလိုလိုဖြစ်နေတဲ့ သဘောပါဘဲ၊ ဒီလိုဖြစ်နေတာကလဲ လူတွေတွင်သာ မဟုတ်သေးဘူး၊ ခွေး ကြက် ငှက်မှ စ၍ တိရစ္ဆာန်တွေရော အားလုံး သတ္တဝါတွေဟာ ဒီအတိုင်းဘဲ ဖြစ်နေတယ်၊ လူတွေဆိုတာကတော့ သူတော်ကောင်း တရားတွေ အသိအလိမ္မာတွေနဲ့မို့ အထူးပြောစရာ မလိုပါဘူး၊ ဘာမျှမဟုတ်တဲ့ တိရစ္ဆာန်တွေ သူတပါးအပေါ်မှာအလွန် ရက်စက်ကြမ်းကြုတ်တဲ့ သတ္တဝါတွေတောင်မှ ကိုယ့်သားသမီးကျတော့ သူ့ဟာက မေတ္တာ ကရုဏာတွေ ရှိနေတယ်၊ ကျီးဆိုတဲ့ အကောင်ဟာ သူတပါးအပေါ်မှာ အင်မတန်ဆိုးတဲ့ အကောင်ပေါ့၊ ဒါပေမယ့် သူတို့ ဥကလေးကျတော့ သိပ်ဂရုစိုက်တယ်၊ ဒီလို ကိုယ့်သားသမီး ကိုယ် ဂရုစိုက်တာဟာ လောကရဲ့ ဓမ္မတာ ပါဘဲ။

ဒါကြောင့် မိဘတွေဟာ သားသမီးအပေါ်မှာ ချမ်းသာပါစေဆိုတဲ့ မေတ္တာစိတ်တွေကို အများကြီး ပွားနေကြတယ်၊ မဖွားမြင်သေးခင် ပဋိသန္ဓေကတည်းက ဒီကလေးဟာ ချမ်းချမ်းသာသာနဲ့ ဖွားမြင်ပါစေလို့ မေတ္တာတွေ ပွားလာခဲ့တယ်၊ အဲဒီလိုဝမ်းထဲမှာ လွယ်ထားရစဉ်ကတည်းက ကိုယ့်ကလေးမဆင်းရဲရအောင် ချမ်းချမ်းသာသာနဲ့ နေရအောင် အစားအသောက်ကိုလဲဆင်ခြင်တယ်၊အနေအထိုင် အသွားအလာကိုလဲ ဆင်ခြင်တယ်၊ အစစအရာရာ စောင့်ရှောက်ပြီးတော့ နေထိုင် တယ်၊မွေးဖွားပြီးတဲ့အခါမှာလဲမိမိကလေးကိုချမ်းသာအောင်လို့ အမြဲတမ်းစောင့်ရှောက်နေတယ်၊ ဒီလို စောင့်ရှောက်နေတဲ့အခါမှာ ချမ်းသာပါစေလို့ နှလုံးသွင်းတိုင်း မေတ္တာတရားတွေ ဖြစ်ပွားနေ တယ်။

ကိုယ့်သားသမီးကလေး နေထိုင်မကောင်း ဖြစ်တဲ့အခါ ခြင် မှက် စသည် ကိုက်ခဲတဲ့အခါ–ဘေးဒုက္ခ တစုံတခုနဲ့ တွေ့တဲ့အခါ အဲဒီလိုအခါများကျတော့ မိဘဖြစ်သူတွေမှာ အဲဒီဆင်းရဲမှ လွတ်စေချင်တဲ့ သနားတဲ့ ကရုဏာတရားတွေ ပွားများနေတယ်။

ကိုယ့်သားသမီးက တော်တော်ကြီးပြင်းပြီးတော့ ချမ်းချမ်းသာသာနဲ့ ကြီးပွားတိုးတက်နေတာ ကောင်းစားနေတာကို မြင်ရတော့ မိဘဖြစ်သူတွေမှာ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြတယ်၊ သားသမီးတွေ ကြီးပွား ချမ်းသာလို့တော့ မိဘတွေမှာ ဘာမျှ မနာလိုခြင်း မရှိဘူး၊ ကြီးပွားလေလေ ဝမ်းမြောက်ကြ လေလေဘဲ၊ အဲဒါဟာ မုဒိတာတရားတွေ ပွားနေတာပါဘဲ။

သားသမီးများ သူ့အိုး သူ့အိမ် သူ့အလုပ်အကိုင် သူ့စီးပွားနဲ့ အချိုးတကျ ပြည့်စုံနေလို့ ဘာမျှ ကြောင့်ကြစိုက်စရာ မရှိတဲ့အခါကျတော့ သူ့ဟာသူ နေနိုင်ပြီလို့ သဘောထားပြီးတော့ မိဘတွေက လျစ်လျူရှုပြီးတော့နေတယ်၊ အဲဒါဟာ ဥပေက္ခာ တရားကို ပွားနေတာဘဲ။

ဒီလို မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာဆိုတဲ့ ဗြဟ္မဝိဟာရ တရားတွေကို သားသမီးများအပေါ်မှာ ပွားများနေကြတဲ့ အတွက် မိဘတွေဟာ ဗြဟ္မာနဲ့ တူပါတယ်တဲ့၊ မိဘနဲ့ အတူနေရတဲ့ သားသမီးတွေဟာ ဗြဟ္မာနဲ့ အတူ နေရသလိုပါဘဲတဲ့၊ မိဘကို ပြုစုလုပ်ကျွေး နေရတဲ့သူတွေဟာလဲ ဗြဟ္မာကို လုပ်ကျွေးပူဇော်နေရတာနဲ့ တူပါတယ်တဲ့၊ အင်မတန်ကံကောင်းတဲ့ လူတွေလို့ ဆိုရမှာပေါ့၊ ယခု ကွယ်လွန်သွားတဲ့ ဒကာမကြီး ဒေါ်သဲက အသက် ၈၆–နှစ်တိုင်အောင် နေသွားတော့ သားသမီး ဖြစ်သူတွေမှာ မိခင်နှင့်အတူ နေကြရတာ အကြာကြီးဘဲ၊ မိခင်ကြီးက ကံကောင်းလို့ အသက်ရှည်နေတဲ့အတွက် သားသမီးတွေ လဲ သိပ်ကံကောင်းကြတာဘဲ၊ ဗြဟ္မာနဲ့ တူတဲ့ မိဘကို ပြုစုလုပ်ကျွေးရတာ မိဘနဲ့ ကြာရှည်စွာ အတူနေကြရတာတွေဟာ အင်မတန်ကို ကံကောင်းလို့ပါဘဲ။

## လက်ဦးဆရာလဲ ဖြစ်သည်

"ပုဗ္ဗာစရိယာတိ ဝုစ္စရေ"။ ။မာတာပိတရော၊ မိခင်ဖခင်တို့ကို။ ပုဗ္ဗာစရိယာတိ၊ လက်ဦးဆရာဟူ၍လည်း။ ဝုစ္စရေ၊ ခေါ်ဆိုအပ်ကုန်၏–တဲ့။

အမိ အဘဆိုတာ လက်ဦးဆရာလို့လဲ ခေါ်ရပါတယ်တဲ့၊ တော်တော်ကြီးမှ စာသင်ပေးတဲ့ လူဆရာတွေ ရဟန်းဆရာ တွေ ဆိုတာကတော့ နောက်ဆရာတွေဘဲ၊ လက်ဦးအကျဆုံး ဆရာကတော့ အမိ အဘပါဘဲ၊ အဲဒီ အမိနဲ့ အဘနှစ်ဦးထဲမှာလဲ အမေက လက်ဦးဆရာ ဖြစ်ကောင်း ဖြစ်ပါလိမ့်မယ်၊ ဘာကြောင့်လဲဆိုတော့ အဘေဆိုတာက များသောအားဖြင့် သားသမီးနဲ့ ခပ်ဝေးဝေး နေတတ်တယ်၊ သူက သားသမီးနဲ့ ရောရောနှောနှော ပူးပူးကပ်ကပ် မနေတတ်ဘူး၊ ပူးပူးကပ်ကပ်နေပြန်လဲ သူက တယ်ပြီး မသွန်သင် မဆုံးမတတ်ဘူး၊ အမေကတော့ သားသမီးနဲ့ ပူးပူးကပ်ကပ်လဲ နေရတယ်၊ အကုန်လုံးသွန်သင်ဆုံးမလဲ ပေးတတ်တယ်၊ ကလေးငယ်ဘဝက စပြီးတော့ အမေလို့ ခေါ်တတ်ဘို့ အဖေလို့ ခေါ်တတ်ဘို့ ဒီကစပြီး စကားပြော သင်ပေး တယ်၊ နေတတ် ထိုင်တတ်ဘို့ စားတတ်သောက်တတ်ဘို့ အစစအရာရာ အကုန်လုံး အမေက သင်ပေးတတ်တယ်၊ ဒါကြောင့် အမေက ပဌမဆုံး လက်ဦးဆရာဖြစ်ကြောင်း ထင်ရှားပါတယ်၊ ဒါကြောင့် မိဘနှင့် အတူနေရတဲ့သူတွေဟာ ဆရာသမားနှင့် အတူ နေထိုင်ရသည် မည်တော့တာပါဘဲ။ ဆရာသမားနဲ့ အတူနေထိုင်ရသလိုဘဲ အကျိုးများနေပါတယ်၊ ဒါကြောင့်–

"လက်ဦးဆရာ၊ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ၊ မိနှင့်ဘ" လို့ ရှေးဆရာတွေက သံပေါက် လင်္ကာလေး စီထားကြတယ်။

လက်ဦးဆရာ၊ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ၊ မိ နှင့် ဘ–တဲ့။

ပုဗ္ဗာစရိယဆိုတာက ပါဠိစကားဘဲ၊ လက်ဦးဆရာဆိုတာက အဲဒီ ပါဠိရဲ့ မြန်မာပြန်ဘဲ၊ မိဘဟာ ဗြဟ္မာသာ မည်တာ မဟုတ်သေးဘူး၊ လက်ဦး ဆရာလဲ မည်ပါတယ်တဲ့၊ ဒါကြောင့် လက်ဦးဆရာလဲမည်၊ ဗြဟ္မာလဲမည်တဲ့ မိခင် ဒေါ်သဲဟာ အသက် ၈၆–နှစ်ကျမှ ကွယ်လွန်သွားတယ်ဆိုတော့ သားသမီးများဖြစ်ကြတဲ့ ဦးကြည်နှင့် ဒေါ်ကျွေတို့မှာ အဲဒီလက်ဦးဆရာကြီး ဗြဟ္မာကြီးမည်တဲ့ မိခင်ကြီးနဲ့ အကြာကြီး အတူနေကြရတာဘဲ၊ မိခင်ကြီး အသက်ရှည်သလောက် အကြာကြီး အတူနေကြရ တာပေါ့၊ အဲဒီလို မိခင်ကြီး အသက်ရှိစဉ်အတွင်း သားသမီးကျင့်ဝတ်တွေ မချွတ်မယွင်းအောင် ပြုစုလုပ်ကျွေး လာခဲ့ရတာတွေ ဟာလဲ ဝမ်းသားစရာတွေပါဘဲ၊ အဲဒါတွေလဲ ကုသိုလ်ကောင်းမှုတွေ ပါဘဲ၊ ယခုကွယ်လွန်သွားတဲ့ အခါမှာလဲ မိခင်ကြီးရဲ့ ဂုဏ်ကျေးဇူးတွေကို အာရုံပြုပြီးတော့ ကုသိုလ်ကောင်းမှုတွေ ပြုပြီး အမျှပေးဝေကြရပြန်တယ်၊ ဒါတွေဟာ သားသမီးတို့ မုချပြုရ မည့် ကျင့်ဝတ်တွေပါဘဲ။

ဒါပေမယ့် ခုနကပြောခဲ့တဲ့အတိုင်း ဒကာမကြီး ဒေါ်သဲမှာ သဒ္ဓါနဲ့ သီလနဲ့ သုတနဲ့ စာဂနဲ့ ပညာနဲ့ သူ့စိတ်ကလေးကို ကြာမြင့်စွာ ထုံသွားတဲ့အတွက် အဲဒီ စိတ်ကလေးရဲ့ အစွမ်းကြောင့် ဒုတိယ ဘဝမှာ ယခု ဘဝထက် သာလွန်မြင့်မြတ်တဲ့ ဘဝ ကိုရောက်ပြီးတော့ ယခုနေအခါမှာ ကောင်းကျိုးချမ်းသာတွေနဲ့ ပြည့်စုံနေပြီး ဆိုတာကတော့ ယုံမှားဘွယ်မရှိပါဘူး၊ ကောင်း ကောင်းကြီး လုံလောက်နေပါတယ်၊ ယခု သားသမီးဖြစ်သူတွေက ဒကာမကြီး ဒေါ်သဲကို အကြောင်းပြုပြီး ဒါနကုသိုလ် ပြုကြရ တာကတော့ မိမိတို့၏ တာဝန် ဝတ္တရား ကျေရုံမျှ ပါဘဲ။

## လက်ဆောင်ပေးတာနှင့် တူသည်

သို့သော် ကျေးဇူးများတဲ့ အချက်တခုတော့ ရှိပါတယ်၊ ဘာလဲဆိုယင် ဒီကသားသမီးဖြစ်တဲ့ သူတွေက ကုသိုလ်ပြုပြီး အမျှပေးဝေလိုက်လို့ရှိယင်-ဟိုကလဲ ဒကာမကြီး ဒေါ်သဲက မိမိရောက်ရာကနေပြီး ဝမ်းမြောက်ဝမ်းသာနဲ့ သာခုအနုမောဒနာ ခေါ်လိုက်လို့ ရှိယင်-သူ့မှာ မူလက ရရှိပြီး အခြေအနေထက် တိုးတက်ပြီးတော့လဲ နတ်၌ဖြစ်သော စည်းစိမ်ချမ်းသာတွေကို နောက်ထပ်ရရှိသွားနိုင်ပါတယ်၊ အဲဒီလို နောက်ထပ်ရတဲ့ ဥစ္စာကတော့ သူ့မှာအပိုလိုဘဲ ဖြစ်ချင် ဖြစ်နေပေလိမ့်မယ်၊ ဒါပေမယ့် ဝမ်းမြောက် ဝမ်းသာကတော့ ဖြစ်ရမှာပါဘဲ။

ဥပမာ-တခြားမြို့ တခြားနိုင်ငံ အရပ်ဝေးရောက်နေတဲ့ ဆွေမျိုးမိတ်ဆွေ ဖြစ်သူထံကို မိမိ၏နေရင်း မြို့ရွာဒေသက ဆွေမျိုးမိတ်ဆွေများထံမှ လက်ဆောင်ပစ္စည်း တစုံတခုပေးပို့လိုက်လို့ ရလာတယ်ဆိုယင် အဲဒီပစ္စည်းဟာ အသုံးကျသည် ဖြစ်စေ မကျသည်ဖြစ်စေ အရပ်ဝေးရောက်နေတဲ့ လူကတော့ ဝမ်းသာတာဘဲ၊ ကျန်းမာတဲ့အကြောင်း မေတ္တာပို့တဲ့အကြောင်း သတိရတဲ့အကြောင်း ဒီလိုစာကလေးရယင်ကို အရပ်တခြားရောက်နေတဲ့ လူကတော့ ဝမ်းသာတာဘဲ၊ ငါ့ဆွေမျိုးတွေ ငါ့မိတ်ဆွေတွေက ငါ့ကို သတိရကြပါပေတယ်လို့ အောက်မေ့ပြီး ဝမ်းမြောက်တာဘဲ၊ အဲဒီလိုပါဘဲ ဒီက သားသမီးဖြစ်တဲ့သူတွေ က ကုသိုလ်ကောင်းမှုပြုပြီးတော့ အမျှပေးဝေလိုက်ယင် ဟိုကမိခင်ကြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်မှာကတော့ သေချာနေတာပါ ဘဲ၊ ဒါကြောင့် မိမိတို့မှာ တာဝန်ဝတ္တရားရှိတဲ့အတိုင်း မိခင်ကြီး၏ ဂုဏ်ကျေးဇူးတွေ ကိုအောက်မေ့တသ သတိရနေကြပါတယ် ဆိုတာကိုလဲ ဖော်ပြတဲ့ အနေအားဖြင့် သံဃာတော် အရှင်မြတ်တို့အား ကျွေးမွေး လှူဒါန်းခြင်း ဒါနကုသိုလ်တွေကို ပြုပြီးတော့ အဲဒီ ကုသိုလ်အဘို့ကို အမျှပေးဝေ ကြရတာပါဘဲလို့ အာရုံပြုကြရမယ်။

## သူ့နယ်မှာနေလျှင် သူ့အလိုလိုက်ရမည်

ပြီးတော့ ခုနကပြောခဲ့တဲ့အတိုင်း အိုခြင်းတရား နာခြင်းတရားသေခြင်းတရား ဆိုတာတွေဟာ မကောင်းတဲ့တရား တွေထဲမှာ မကောင်းဆုံး အဆိုးဆုံး တရားတွေဘဲ၊ အဲဒါတွေကို ဘယ်သူမှလဲ မခုခံ မတိုက်ဖျက်နိုင်ကြဘူး၊ သူတို့၏ နယ်ပယ် ထဲက လွတ်မြောက်အောင် ထွက်ပြေးဘို့ရာလဲ အင်မတန် ခက်ပါတယ်၊ "သုဒုတ္တရံ၊ အလွန်ပင် ကျော်လွန်ရန် ခဲယဉ်းသော။ မစ္စုဓေယျံ၊ သေမင်း၏ နယ်ပယ်ကြီး" လို့ ဆိုထားတဲ့အတိုင်း အိုမင်း နာမင်း သေမင်းကြီးတွေရဲ့ နယ်ပယ်ဆိုတာ တခြားဟာ မဟုတ်ဘူး၊ မိမိတို့သန္တာန်မှာရှိနေတဲ့ ခန္ဓာငါးပါး တရားတွေဘဲ၊ ဒီခန္ဓာငါးပါးတွေ ရှိနေသမျှ ကာလပတ်လုံး အိုမင်း နာမင်း သေမင်းကြီးတွေရဲ့ နယ်ပယ်ထဲ ရောက်နေတယ်၊ သူတို့က ပိုင်ဆိုင်နေတယ်၊ သူတို့ပိုင်တဲ့ နယ်ပယ်ထဲမှာနေယင် သူတို့အလို အတိုင်း လိုက်နေရမှာဘဲ၊ အိုချိန်ကျယင် အိုရမယ်၊ နာချိန်ကျယင် နာရမယ်၊ သေချိန်ကျယင် သေရမယ်၊ သူတို့အလိုကို မလိုက်ချင်ယင်၊ မအိုချင် မနာချင် မသေချင်ယင် သူတို့နယ်ပယ်ဖြစ်တဲ့ ခန္ဓာငါးပါး တရားတွေကို ကျော်လွန်သွားမှ ဖြစ်မယ်၊ ဒီတော့မှ မအို မနာ မသေဘဲ အမြဲတမ်း ချမ်းသာနိုင်မယ်၊ ဒါကြောင့် အိုမင်း နာမင်း သေမင်းကြီးတွေရဲ့ လက်မှလွတ်အောင် သူတို့၏ နယ်ပယ်ဖြစ်တဲ့ အဲဒီ ခန္ဓာငါးပါး တရားတွေမှ လွတ်မြောက်သွားအောင် အားထုတ်ဘို့ အရေးကြီးပါတယ်၊ အဲဒီ ခန္ဓာ ငါးပါးမှ လွတ်မြောက်သွားတယ် ဆိုတာကလဲ ခန္ဓာငါးပါး ရုပ်နာမ်တရားတွေ လုံးဝချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ဘဲ၊ အဲဒီ နိဗ္ဗာန်ရောက် မှဘဲ သေမင်းလက်မှ လွတ်မြောက်တယ်၊ ဒါကြောင့် နိဗ္ဗာန်သာလျှင်ထောက်ရာ တည်ရာ အားကိုးရာ ရှိပါတယ်-တဲ့။

## အကောင်းဆုံးကို ဆုတောင်းရန်

"တေသံ ဝူပသမော သုခေါ"။ ။တေသံ၊ ဖြစ်ပေါ်ပြီးလျှင် ပျက်စီးတတ်သော သင်္ခါရတရားတို့၏။ ဝူပသမော၊ ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်သည်သာလျှင်။ သုခေါ၊ သတ္တဝါအပေါင်းတို့၏ ခိုအောင်းမှီရာ ချမ်းသာအစစ် ပါပေတည်း-တဲ့။

ခန္ဓာငါးပါး သင်္ခါရတရားတွေဆိုတာက ဖြစ်ပြီးယင် ပျောက်သွားတာချည်းဘဲ၊ ဘာမှ ခိုင်မြဲတည်တံ့တဲ့ တရားတွေ မဟုတ်ဘူး၊ ဒါပေမယ့် သူကပ အစဉ်အဆက် အားဖြင့် ဆိုယင်တော့ တော်တော်ကြာအောင် တည်နေတယ်လို့လဲ ဆိုရပါတယ်၊ အသက် တရာတမ်းမှာ ဆိုယင် အနှစ်တရာလောက်-အသက် ၇၀-တမ်း ၈၀-တမ်း မှာဆိုယင် အနှစ် ၇၀-ဆယ်လောက် အနှစ် ၈၀-လောက်၊ ဒါလောက်တော့ အမျိုးတူတွေ ဆက်ခါဆက်ခါဖြစ်နေတဲ့ အစဉ်အဆက်အားဖြင့် တည်တံ့ နေနိုင်ပါတယ်၊ ဒါပေမဲ့တနေ့ကျတော့ လုံးလုံးပျက်စီးသွားတော့တာဘဲ၊ ဒီလိုပျက်တတ်တဲ့ သင်္ခါရ တရားတွေကို မပျက်စီးအောင် ဘယ်ပုဂ္ဂိုလ် မှ မတတ်နိုင်ဘူး၊ ဘယ်နည်းနဲ့မှ မတတ်နိုင်ဘူး၊ ဒီတော့ဒီလိုဖြစ်ပြီး ပျက်သွားမည့် သင်္ခါရတရားတွေဟာ အစကတည်းက မဖြစ်ပေါ်လာဘဲ ငြိမ်နေမယ်ဆိုယင် အကောင်းဆုံးဘဲ၊ အဲဒီမဖြစ်ပေါ်လာဘဲ ငြိမ်းတယ်ဆိုတာ နိဗ္ဗာန်တရားဘဲ၊ အဲဒီနိဗ္ဗာန် တရားဟာ အကောင်းဆုံးဘဲ။

ဒါကြောင့် အိုခြင်း နာခြင်း သေခြင်းဆိုတဲ့ တရားဆိုးကြီးတွေမှ လွတ်မြောက်ရာဖြစ်သော ဆင်းရဲခပ်သိမ်း ကင်းငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို ကွယ်လွန်သူ မိခင်ကြီး ဒေါ်သဲအကြောင်းပြု၍ ယနေ့ယခု ပြုကြရသော ကောင်းမှု၏အစွမ်းကြောင့် လျင်မြန်စွာ မျက်မှောက်ပြုရပါစေလို့ ရည်ရွယ်ဆုတောင်းပြီးတော့ ရေစက်ချကြရမယ်။

ရည်ရွယ်ဆုတောင်းသည့်အတိုင်း နိဗ္ဗာန်ချမ်းသာကို လျင်မြန်စွာဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ သတည်း။

သာဓု သာဓု သာဓု
အသုဘ အနုမောဒနာတရား ပြီး၏။